ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ (2-8-2004) (၄၃၁၃)

အရိယ သစ္စာန ဒဿနံ
တေံ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး
တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၄ ခုနှစ်ကို ဘင်းမ်စတက် ခရီးသွားနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်နေမှုများကို ကြိုဆို
အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးဖောက်လုပ်ရေးအတွက် ဆွေးနွေးလျက်ရှိ
မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍ ဦးဆောင်နိုင်ငံအဖြစ် ဆက်လက်ဆောင်ရွက်ခွင့်ရ

ရန်ကုန် ဩဂုတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူး ဒူဗား၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ် ချန်ဒရီကာ ဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂-၈-၂၀၀၄
(တနင်္လာနေ့)

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇူလိုင်လ ၃၁ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ဇူလိုင်လ ၃၀ရက်နေ့တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ ဘုရင့်နန်းတော်သို့ သွားရောက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်အား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့သွားရောက်ပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်အား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းသို့ နှစ်နိုင်ငံ ဝန်ကြီးချုပ်များ ရင်းနှီးချစ်ကြည်စွာ တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ ဆက်ဆံရေးသည် လွန်စွာ အားရဖွယ် ဖြစ်ထွန်းလျက်ရှိပြီး ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပပျောက်ရေးလုပ်ငန်းများတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများမှာ အထူးအားရဖွယ် ကောင်းလှပြီး အောင်မြင်မှုများလည်း ရရှိနေကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထိုင်းနိုင်ငံက ပါဝင်ကူညီဆောင်ရွက်ပေးနေခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း** ဆွေးနွေး ပြောကြားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်ကလည်း **ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပင်လယ်ရေနက် ဆိပ်ကမ်းတည်ဆောက်ရေးစသည့် ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးနှင့် ဆက်ဆံရေးကိစ္စများ ပိုမိုတိုးတက်ဖြစ်ထွန်းရေးလည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ဆွေးနွေးပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံထောင့်စုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသတွင်းနိုင်ငံများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက် ခိုင်မာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို အလေးပေးဖော်ဆောင်လျက်ရှိသည်။

ထို့အတူ နိုင်ငံခေါင်းဆောင်များအချင်းချင်း အပြန်အလှန် ချစ်ကြည်ရေး ခရီးများ သွားရောက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို လက်တွဲကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စီးပွားရေးကဏ္ဍတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး အကောင်အထည်ဖော်လျက်ရှိသည်နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဘင်းမ်စတက်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကမ္ဘာ့လှည့်ခရီးသွား ဖွံ့ဖြိုးရေးစသည့် ကဏ္ဍအသီးသီး၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် အထူးသဖြင့် ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရင်း ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ထိခိုက်ဒဏ်ရာမွမ်းမံသင်တန်း ကျင်းပမည်

ရန်ကုန်　　ဩဂုတ်　　၁

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါကုအဖွဲ့ကကြီးမှူး၍ ပြင်ပဆရာဝန်များနှင့် ဆေးရုံကြီးများရှိ ဆရာဝန်များအားလုံးအတွက် ထိခိုက်ဒဏ်ရာ မွမ်းမံသင်တန်းတစ်ခုကို "Common Pitfalls in Musculo Skeletal Trauma" ခေါင်းစဉ်ဖြင့် ဩဂုတ် ၇ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းလွဲ ၁နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များနှင့် ဆေးကျောင်းသားများ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂါရဝပြုတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဆူရာကီရတ်ဆတ်သီရာထိုင်းက ဗန်ကောက်မြို့ Peninsula Hotelသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံစဉ်။

(အပေါ်ပုံ နှင့် အောက်ပုံ)
(သတင်းစဉ်)

ရန်ကုန်　　ဩဂုတ်　　၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဆူရာကီရတ်ဆတ်သီရာထိုင်းသည် ဇူလိုင် ၃၁ရက် နံနက် ၇နာရီခွဲတွင် ဗန်ကောက်မြို့ Peninsula Hotel အခန်းအမှတ် ၃၆၀၉ သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းတို့ တက်ရောက်ကြသည်။

လက်ဆောင်ပေးအပ်

တွေ့ဆုံအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** HealthcareandHealthServices (ဒုတိယနှစ်-စီးပွားရေး)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၈။ မေးမြန်းစူးစမ်း
၇:၀၀ ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး " (အပိုင်း-၁၂)**
၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၂။ လျှပ်တစ်ပြက်ရိုက်ချက်
၂၃။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ အယောင်ဆောင်စွမ်းအားရှင်" (အပိုင်း-၅)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

အမေရိကန်သည် လူ့အခွင့်အရေးဗန်းပြနေသော ကြောင်သူတော်ဖြစ်သည်ဟုဆို

ပေကျင်း ဇူလိုင် ၃၁

အမေရိကန်တို့သည် ၎င်းတို့ကိုယ်၎င်းတို့ လူ့အခွင့်အရေး စောင့်ရှောက်သူများအဖြစ် ကျယ်လောင်စွာ ဟစ်ကြွေးခဲ့ကြသည်။ မကြာသေးမီက ဖြစ်ပွားသော အဖြစ်အပျက်တစ်ခုတွင် အမေရိကန် အမိမြေလုံခြုံရေးမှ စစ်ဆေးရေးမှူးတစ်ဦးသည် တရုတ်စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကို ကိုယ်ထိလက်ရောက် စော်ကားမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ကို အကြောင်းပြု၍ တရုတ်သတင်းမီဒီယာက အမေရိကန်ကို လူ့အခွင့်အရေး ကြောင်သူတော်အဖြစ် ကင်ပွန်းတပ်သရော်လိုက်သည်။ ထို့အပြင် မိန်းမသားအပေါ် စော်ကားမှုနှင့်ပတ်သက်၍ လူ့အခွင့်အရေးအရ တရားမျှတမှုရှိပါ၏လောဟု မေးခွန်းထုတ်လိုက်သည်။

အမေရိကန်သည် အခြားတစ်ပါးသော နိုင်ငံများကို လူ့အခွင့်အရေးချိုးဖောက်သည်၊ အကာအကွယ်မပေးဟု လက်ညှိုးထိုး စွပ်စွဲလေ့ရှိသည်။ အမှန်စင်စစ်တွင်မူ လူ့အခွင့်အရေးကို အဆွဲ ရာယ်ပြု ခြိမ်းခြောက်နေသူမှာ မည်သူဖြစ်သနည်းဟု တရုတ်ပြည်သူ့နေ့စဉ်သတင်းစာ ခေါင်းကြီးပိုင်းတွင် စောဒကတက်ထားသည်။

ပြက်ရယ်ပြု

အကြမ်းဖက်မှု ဆန့်ကျင်ရေး အလံတော်ကို အမေရိကန်သည် မြင့်မားစွာ လွှင့်တင်ကာ လှုပ်ရှားနေသည်။ ထိုကိစ္စကို အသံကောင်းလွှင့် အကာအကွယ်ယူပြီး အမေရိကန် စစ်ဘက်ဆိုင်ရာများသည် မြင်မြင်သမျှကို အကြမ်းဖက်သမားဟု သံသယရှိကာမျှနှင့် ဖမ်းဆီးချုပ်နှောင်ကာ ထင်တိုင်းကြဲခွင့်ရနေတော့သည်။ ဇက်မသတ်ဘဲ စိတ်ရှိတိုင်း ထောင်းနေသည်ဟု တရုတ်အစိုးရနေ့စဉ် အင်္ဂလိပ်သတင်းစာက သရော်တော်တော် ပြက်ရယ်ပြုရေးသားလိုက်သည်။

အီရတ်နိုင်ငံကို ခိုင်လုံသော အထောက်အထား တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ဝင်ရောက် သိမ်းပိုက်ခဲ့ခြင်းနှင့် အီရတ်နိုင်ငံရှိ အဘူဂါရိပ် အကျဉ်းထောင်အတွင်းတွင် အီရတ်အကျဉ်းသားများကို မဖွယ်မရာ ညှဉ်းပန်းစော်ကားမှုများသည် အမေရိကန်တို့ ပြုလုပ်ခဲ့သော ပြစ်မှုမြောက်သည့် လုပ်ရပ်များပင် ဖြစ်သည်ဟု သတင်းစာက ဖော်ပြခဲ့သည်။

ရိုက်နှက်

ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အမေရိကန်တို့၏ လုပ်ရပ်များကို သတ္တုချကြည့်လျှင် မည်သူ့ကိုမျှ အလေးမထားထိမထင်သော အမေရိကန်တို့၏ ထောင်လွှား မောက်မာမှုပင်ဖြစ်သည်ကို တွေ့ရပေလိမ့်မည်။ အမေရိကန်တို့၏အသက်ကို ရန်ရှာရန်အလားအလာရှိသူဟု ထင်ရသူ မည်သူ့ကိုမဆို အမေရိကန်တို့က သတ်ခွင့်ရှိသည်။ မဆိုစလောက်သော အကြောင်းပြချက်ရှိကာမျှနှင့် အပြစ်မဲ့သော အမျိုးသမီးကိုပင် သေမလောက် ရိုက်နှက်ခဲ့ကြသည်ဟု တရုတ်သတင်းစာက ဝေဖန်ရေးသားလိုက်သည်။

လက်စွမ်းပြ

အမေရိကန်နိုင်ငံသည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ကြုံခဲ့ရသော တိုက်ခိုက်မှု ဖြစ်ရပ်မျိုးကို အကြောက်ကြီးကြောက်ကာ လန့်ဖျားဖျားလျက်ရှိသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူကာ တိုက်လို ခိုက်လိုစိတ် ပြင်းပြနေကြသော အမေရိကန် လုံခြုံရေးယန္တရားမှ ပုဂ္ဂိုလ်များသည် လက်စွမ်းပြခဲ့ကြသည်ဟု သတင်းစာက ထောက်ပြကာ ခေါင်းကြီးပိုင်းမှ ဖော်ပြခဲ့သည်။ ***အင်တာနက်။***

အောင်ပွဲခံ

ဇူလိုင် ၂၁ ရက်က အီရတ်နိုင်ငံ ဒူလိုင်ယာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အမေရိကန် စစ်ကားတစ်စီးမှ အပျက်အစီးများကို ကိုင်မြှောက်၍ အောင်ပွဲခံနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်အာရှနှင့် အရှေ့တောင်အာရှအကြား ပေါင်းကူးတံတားအဖြစ် ဘင်းမ်စတက်က အကျိုးပြုနေကြောင်း အိန္ဒိယဝန်ကြီးချုပ် ပြောကြား

ဗန်ကောက် ဇူလိုင် ၃၁

ဘင်းမ်စတက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသော ပေါင်းကူးတံတားအဖြစ် အကျိုးပြုနေကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။

ဘင်းမ်စတတ်သည် တောင်အာရှဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (ဆာအတ်)နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) တို့အကြား အရေးပါသည့် ပေါင်းကူးတံတားပင်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က သောကြာနေ့တွင် ပြောကြားသည်ဟု နေးရှင်းသတင်းစာက ရေးသားဖော်ပြထားသည်။

တိုးမြှင့်နိုင်

ဘင်းမ်စတက်သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား အင်အားတောင့်တင်းပြီး စံနမူနာယူစရာ စီးပွားရေးအုပ်စုတစ်စုအနေဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ကြောင်း ဗန်ကောက်မြို့၌ကျင်းပသည့် ဘင်းမ်စတက် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် နယူးဒေလီမှ မထွက်ခွာမီဆင်းက ပြောကြားသည်။

ပူးပေါင်း

၁၉၉၇ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည့် ဘင်းမ်စတက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ အရှေ့တောင်အာရှမှ နှစ်နိုင်ငံဖြစ်သည့် ထိုင်းနှင့် မြန်မာနိုင်ငံတို့နှင့် တောင်အာရှ ငါးနိုင်ငံဖြစ်ကြသည့် အိန္ဒိယ၊ ဘင်္ဂလား ဒေ့ရှ်၊ နီပေါ၊ ဘူတန်နှင့် သီရိလင်္ကာတို့ပါဝင်ကြသည်။ အဆိုပါအဖွဲ့၏ ရည်ရွယ်ချက်သည် အဖွဲ့ဝင်နိုင်ငံများအကြား လူမှုစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် တောင်အာရှနှင့် အရှေ့တောင်အာရှတို့ ဆက်သွယ်မည့် နည်းလမ်းတစ်ခုအဖြစ် အကျိုးပြုနိုင်ရန်တို့အတွက်ဖြစ်သည်။

ထိုင်း-အိန္ဒိယဆက်ဆံရေးသည် အရေးပါသည့် မိတ်ဖက်ဆက်ဆံရေးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယတို့အကြား လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်မူဘောင် အစီအစဉ် လက်မှတ်ရေးထိုးခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၌ သမိုင်းဝင် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ကြောင်း ဆင်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၂၇ ရက်က အီရတ်နိုင်ငံ အမ်မာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီရတ်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ၊ ပိုလန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဝါဆော ဇူလိုင် ၃၁

အီရတ်နိုင်ငံ တောင်ပိုင်းဒေသတွင် ဗုဒ္ဓဟူးနေ့ညက ပိုလန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းဖြတ်သန်းစဉ် အဝေးထိန်းမိုင်းဗုံး ပေါက်ကွဲမှုကြောင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး စမက်ဇင်စကီးက ကြာသပတေးနေ့က ပြောကြားသည်။

အင်အားပြင်းထန်သည့် ဗုံးကွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားပြီး အခြားလေးဦးထိခိုက် ဒဏ်ရာရရှိကြောင်း စမက်ဇင်စကီးက ပုဂ္ဂလိက ရုပ်မြင်သံကြား ဌာနတစ်ခုအား ပြောကြားသည်။

ဟီလာနှင့် ဘဂ္ဂဒက်မြို့ကြားရှိ လမ်းတစ်လမ်းပေါ်တွင် ပုံမှန်ကင်းလှည့်နေရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမော်တော်ယာဉ်တန်းတွင် မော်တော်ယာဉ် အများအပြားပါဝင်ပြီး ဗုံးပေါက်ကွဲမှု ဒဏ်ခံရဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒဏ်ရာရသူတပ်ဖွဲ့ဝင် လေးဦးကို ဘဂ္ဂဒက်ရှိ အမေရိကန်ဆေးရုံတွင် ကုသနေကြောင်း ၎င်းက ပြောကြားသည်။ ပိုလန်နိုင်ငံက အီရတ်နိုင်ငံ အလယ်ပိုင်းတွင် နိုင်ငံစုံတပ်ဖွဲ့ဝင် ၈၀၀၀ကို ဦးဆောင်ကွပ်ကဲနေပြီး ယင်းတပ်ဖွဲ့တွင် ပိုလန်တပ်ဖွဲ့ဝင် ၂၅၀၀ ပါဝင်သည်။ ယခု ပိုလန်တပ်ဖွဲ့ဝင် သေဆုံးမှု အပါအဝင် အီရတ်နိုင်ငံတွင် သေဆုံးသည့် ပိုလန်တပ်ဖွဲ့ဝင်ဦးရေသည် ငါးဦး ရှိသွားပြီဖြစ်သည်။ ပိုလန် သတင်းစာဆရာနှစ်ဦးနှင့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတွင် လုပ်ငန်းလုပ်ကိုင်နေသူ တပ်ဖွဲ့ဝင်ဟောင်းနှစ်ဦးလည်း အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်အနောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသ အန်ဘာပြည်နယ်တွင် ကြာသပတေးနေ့က အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။

ရာမာဒီမြို့နှင့် အန်ဘာပြည်နယ်အတွင်း သီးခြားစီ ဖြစ်ပွားသော ပြင်းထန်သည့် တိုက်ခိုက်မှုများအတွင်း မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသည်။ ဗုဒ္ဓဟူးနေ့က ရာမာဒီရှိ အမေရိကန်စစ်ဘက် အခြေစိုက်စခန်းများ စိန်ပြောင်းများဖြင့် တိုက်ခိုက်မှုခံခဲ့ရပြီး မြေပြင်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန် ရဟတ်ယာဉ်နှစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မှ ယူကရိန်းတပ်ဖွဲ့ ပြန်လည်ရုပ်သိမ်းရန် ဆွေးနွေးမှုများ စတင်ပြုလုပ်လျက်ရှိ

ကီယက် ဇူလိုင် ၃၁

အီရတ်နိုင်ငံမှတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးအတွက် အမေရိကန်ပြည်ထောင်စု၊ ပိုလန်နိုင်ငံတို့နှင့် စတင်ဆွေးနွေးနေကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီး အက်ဟင်မာချွတ်က ပြောကြားသည်။

ယခင်က ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ယူကရိန်းနိုင်ငံက အမေရိကန်ဦးဆောင်တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲကို ထောက်ခံပြီး တပ်ဖွဲ့ဝင် ၁၆၀၀ ခန့်ကို လွန်ခဲ့သည့် ဩဂုတ်လအတွင်းက အီရတ်သို့ ပို့ပေးခဲ့သည်။ သို့ရာတွင် ယူကရိန်းတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီးခဲ့သည့်နောက်တွင် အီရတ်မှ ယူကရိန်း တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် ယူကရိန်းရှိ လက်ဝဲနိုင်ငံရေးသမားများက လိုလားလျက်ရှိနေကြသည်။

မိမိတို့၏ မိတ်ဖက်နိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ပိုလန်တို့နှင့် အီရတ်နိုင်ငံမှ ယူကရိန်းတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန်ကိစ္စကို ဆုံးဖြတ်နိုင်ရန် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း၊ မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် ရက်သတ်မှတ်ချက်မရှိဘဲ အီရတ်နိုင်ငံတွင် အချိန်အကြာကြီး မနေနိုင်ကြောင်း မာချွတ်က သတင်းထောက်များအား ပြောကြားသည်။

သမ္မတ လီယိုနစ်ကွတ်ချ်မာက အီရတ်နိုင်ငံတွင် အီရတ်စစ်ပွဲ ပြီးဆုံးသည့်တိုင် အီရတ်နိုင်ငံတွင် တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရန် သန္နိဋ္ဌာန်ချထားသည်။ သို့ရာတွင် အောက်တိုဘာလ သမ္မတရွေးကောက်ပွဲမကျင်းပမီ ကြိုတင်၍ ယူကရိန်းနိုင်ငံရေးနယ်ပယ်တွင် ယင်းတပ်ဖွဲ့ရုပ်သိမ်းရေးကိစ္စကို ဖြေရှင်းမည်ဖြစ်သည်။

ယူကရိန်းနိုင်ငံက အီရတ်သို့ တရားမဝင် လက်နက်ရောင်းချမှုသတင်းများကြောင့် တင်းမာခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးကို ပြေလည်စေရန်အတွက် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ဝန်ကြီးချုပ် ဗစ်တာရန်နူကိုဗစ်က ယူကရိန်းတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင်ရှိနေမှုကို ကျေနပ်မှုမရှိကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်းမ်စတက်အနေဖြင့် ပြည်သူများဖွံ့ဖြိုးရေးနှင့် သာယာဝပြောရေး အမှန်တကယ်ဆောင်ကြဉ်းပေးနိုင်မည့် အဖွဲ့အစည်းကြီးဖြစ်လာစေရန် ယခုထက်ပိုမို လက်တွေ့ကျကျဆောင်ရွက်ရန် လိုအပ်သည်ဟု ခိုင်မြဲစွာယုံကြည်

✧ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ထိပ်သီးအစည်းအဝေးကျင်းပမည့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ နံနက် ၈ နာရီခွဲမှစတင်၍ နိုင်ငံအလိုက် ရောက်ရှိကြသည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိလာကြရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်က ကြိုဆိုသည်။

ထို့နောက် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပထမထပ်ရှိ Vithes Samonsorn ခန်းမ၌ စတင်ကျင်းပသည်။

မိန့်ခွန်းပြောကြား

ဖွင့်ပွဲအခမ်းအနားအစီအစဉ်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့က မိန့်ခွန်းပြောကြားကြသည်။

ဝမ်းမြောက်ဂုဏ်ယူ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် ထိပ်သီးအစည်းအဝေး၌ အဆွေတော်အနေဖြင့် သဘာပတိအဖြစ် ဆောင်ရွက်သည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိအနေဖြင့်လည်းကောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်စားလည်းကောင်း ပထမဦးစွာ ပြောကြားလိုပါကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်၏ အတွေ့အကြုံနှင့် စွမ်းဆောင်ရည်ရှိသည့် ဦးဆောင်မှုအောက်တွင် ဤထိပ်သီးအစည်းအဝေးကြီးသည် အောင်မြင်မှု ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ထို့အပြင် ထိပ်သီးအစည်းအဝေးအတွက် လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးသည့် အဆွေတော်ဝန်ကြီးချုပ်နှင့်တကွ ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများအား ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်းလည်း ပြောကြားလိုပါကြောင်း၊ ယနေ့ကဲ့သို့ မိမိတို့၏သမိုင်းဝင် အစည်းအဝေးကြီးတွင် မိမိအနေဖြင့် ပါဝင်တက်ရောက်ပြီး အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် အဆွေတော်တို့နှင့်အတူတကွ အမြင်ချင်းဖလှယ်ခွင့် ရရှိသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါကြောင်း။

အဖွဲ့ဝင်သစ်များ

မိမိအနေဖြင့် အဖွဲ့ဝင်သစ်များအဖြစ် ပါဝင်လာသည့် နီပေါနှင့် ဘူတန်နိုင်ငံတို့ကို လှိုက်လှဲစွာကြိုဆိုကြောင်းပြောကြားလိုပါကြောင်း၊ နီပေါနှင့်ဘူတန်နိုင်ငံတို့အနေဖြင့် ဘင်းမ်စတက်အဖွဲ့ကြီးသို့ အဖွဲ့ဝင်နိုင်ငံများအဖြစ် ဝင်ရောက်လာခြင်းသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက်သာမက ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအကြား ထိတွေ့မှုနှင့် နားလည်မှုတို့ကိုလည်းပိုမိုဖြစ်ထွန်းလာစေမည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ကြီး၏ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိလာစေရန် အဖွဲ့ဝင်နိုင်ငံသစ် နှစ်နိုင်ငံနှင့် အတူတကွ လက်တွဲဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားလိုပါကြောင်း။

ပူးပေါင်းဆောင်ရွက်ရေး

ဘင်းမ်စတက်အဖွဲ့ကို စတင်မွေးဖွားပေးလိုက်သည့် ဗန်ကောက်ကြေညာစာတမ်းတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွင်း လျင်မြန်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိသော ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို အထောက်အကူပြုပြီး အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များကို တိကျစွာသတ်မှတ်ကာ ဤကဲ့သို့သတ်မှတ်ထားသည့် ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်ဟု ဖော်ပြပါရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ဘင်းမ်စတက်အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍခြောက်ရပ်သတ်မှတ်နိုင်ခဲ့ပြီး ဤပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် မိမိတို့၏စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာတိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

ဘင်းမ်စတက်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့် မျှော်လင့်ချက် ရောင်ခြည်တစ်ရပ်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းစေနိုင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေကိုလည်း တိုးမြင့်အောင်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ဆင်းရဲမွဲတေမှုလျှော့ချရေးကို အထောက်အကူပြုစေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်ကို ဘင်းမ်စတက်ခရီးသွားနှစ်အဖြစ်သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေမှုများကို ကြိုဆိုပါကြောင်း။

ထင်ရှားလျက်ရှိ

မြန်မာနိုင်ငံသည် "စေတီပုထိုး ပေါများရာနိုင်ငံ"ဆိုပြီး ယဉ်ကျေးမှုကို အခြေခံသည့် ခရီးသွားလုပ်ငန်းတွင် ထင်ရှားသည့်နိုင်ငံဖြစ်ပါကြောင်း၊ "စေတီပုထိုး ပေါများရာနိုင်ငံ"ဟု ထင်ရှားသည့်အပြင် ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝကပေးအပ်ထားသည့် အပူပိုင်းသစ်တောကြီးများ၊ သာယာလှပသည့် ကမ်းခြေများ၊ နှင်းများဖုံးလွှမ်းထားသည့်တောင်တန်းကြီးများအစရှိသော ပတ်ဝန်းကျင်၏ သာယာလှပမှုများ၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းကဲ့သို့သော ကမ္ဘာကျော်ကြားသည့် ကျောက်မျက်ရတနာများ၊ လက်မှုပစ္စည်းများတို့ကြောင့်လည်း ခရီးသွားများအကြား ထင်ရှားလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် သန္နိဋ္ဌာန်ချမှတ်ပြီးဆောင်ရွက်လျက်ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား လမ်းပန်းဆက်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်းဆက်ဆံမှုများ တိုးတက်လာရေးကို အထောက်အကူပြုစေမှာ ဖြစ်ပါကြောင်း၊ ထို့အပြင် ဘင်းမ်စတက်အဖွဲ့အတွင်း လမ်းပန်းဆက်သွယ်မှုများကြောင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မြဲစေပြီး ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ကူးလူးယှက်နွယ်မှုများကိုလည်း ပိုမိုခိုင်မာစေမှာ ဖြစ်ပါကြောင်း။

သုံးနိုင်ငံလမ်းမ

ယခုဆိုလျှင် မြန်မာနိုင်ငံသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးလျက်ရှိပါကြောင်း၊ ဤအဝေးပြေးလမ်းမကြီးသည် အိန္ဒိယနိုင်ငံ မိုရေးမှအစပြုပြီး မြန်မာနိုင်ငံအတွင်း ပုဂံကို ဖြတ်သန်းကာ ထိုင်းနိုင်ငံ မဲဆောက်ကို ဆက်သွယ်မှာဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မိမိတို့အနေဖြင့် အဝေးပြေးလမ်းမကြီးများအပြင် ရေလမ်းခရီးမှတစ်ဆင့် သယ်ယူပို့ဆောင်မှုများဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဖူးခက်၌ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်ဝန်ကြီးအဆင့် အစည်းအဝေးတွင် ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို တင်ပြခဲ့ပါကြောင်း၊ ထားဝယ်-ညောင်ပြင်အပြည်ပြည်ဆိုင်ရာ ရေနက်ဆိပ်ကမ်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေနိုင်မှာသာမက ဒေသတွင်းရှိ ကုန်ပစ္စည်းတင်ပို့သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကူးသန်းရောင်းဝယ်မှု ဖြစ်ထွန်းရေးတို့ကိုလည်း များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါကြောင်း။

ပေါင်းကူးဆက်သွယ်မှု

ဘင်းမ်စတက်အဖွဲ့သည် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြား အရေးကြီးသည့် ပေါင်းကူးဆက်သွယ်မှုတစ်ခုဖြစ်သည့်အားလျော်စွာ ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှု ဒေသတစ်ရပ်တည်ထောင်နိုင်ခဲ့ခြင်းသည်ဒေသ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့သည်ဟု ယူဆပါကြောင်း။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ထို့အပြင် ဘင်းမ်စတက်အဖွဲ့၏လွတ်လပ်သော ကုန်သွယ်မှုဒေသသည် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်မားလာအောင် ဆောင်ရွက်ရာတွင် လိုအပ်သည့် တွန်းအားတစ်ရပ် ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ လွတ်လပ်သော ကုန်သွယ်မှုဒေသတည်ထောင်နိုင်မှုကြောင့် ကုန်ကျစရိတ်များ သက်သာစေပြီး ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကိုလည်း တိုးပွားစေကာ ဒေသတွင်း စွမ်းဆောင်နိုင်မှုကို တိုးမြှင့်စေနိုင်မှာ ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍနှင့် ပတ်သက်ပြီး ဦးဆောင်နိုင်ငံအဖြစ် ဆက်လက်ဆောင်ရွက်ခွင့်ရသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူခဲ့သည့် ခြောက်နှစ်ကျော်ကာလအတွင်းတွင် မိမိတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်နိုင်ခဲ့ပြီး ကျွမ်းကျင်သူအစည်းအဝေးများကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ထို့အပြင် လုပ်ငန်းဆိုင်ရာကော်မတီများ၊ လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားရှိပြီး စွမ်းအင်ကဏ္ဍကော်မတီအတွက် ကိုးကားရန်အချက်များ(တီအိုအာ)ကို အပြီးသတ် ပြုစုနိုင်ခဲ့ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မှု

ဤနေရာတွင် ပြောကြားလိုသည်မှာ စွမ်းအင်ကဏ္ဍတွင် ရရှိနေသည့် အောင်မြင်မှုများသည် ဘင်းမ်စတက် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရရှိခဲ့သည်ဆိုသည့်အချက်ဖြစ်ပါကြောင်း။

ဘင်းမ်စတက်အဖွဲ့ကို ဖွဲ့စည်းထူထောင်ပြီး တိုတောင်းသည့်ခုနစ်နှစ်ကျော်သက်တမ်းကာလတွင် မိမိတို့အနေဖြင့် ကဏ္ဍအချို့၌ တိုးတက်မှုများ ရရှိခဲ့သည်ကို တွေ့ကြရမှာဖြစ်ပါကြောင်း၊ ယင်းတိုးတက်မှုများမှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ လွတ်လပ်သောကုန်သွယ်မှုဒေသထူထောင်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ၌ ၂၀၀၄ခုနှစ်အား ဘင်းမ်စတက်ခရီးသွားနှစ်အဖြစ် သတ်မှတ်နိုင်ခြင်းတို့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအချို့တွင် အောင်မြင်မှုများ ရရှိနေသကဲ့သို့ အချို့သော ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင်မူ ပိုမိုပြီး ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရန် လိုအပ်နေသေးသည်ကို သတိပြုမိရန်လိုအပ်ပါကြောင်း။

လက်တွေ့ကျကျဆောင်ရွက်

ဘင်းမ်စတက် အဖွဲ့ကြီးအနေဖြင့် ပြည်သူများ၏ ဖွံ့ဖြိုးရေးနှင့် တိုးတက်သာယာဝပြောရေးကို အမှန်တကယ် ဆောင်ကြဉ်းပေးနိုင်မည့် အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်လာစေရန် ယခုထက် ပိုမိုလက်တွေ့ကျကျဆောင်ရွက်ရန် လိုအပ်သည်ဟု ခိုင်မြဲစွာယုံကြည်ပါကြောင်း၊ ရည်ရွယ်မျှော်မှန်းထားသည့် အောင်မြင်သော ဘင်းမ်စတက်အဖွဲ့ကြီးအဖြစ် ရပ်တည်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားပါမည်ဟု ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာရှားဗဟာဒူး ဒူဗားနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာ ဘန်ဒရာနိုက်ကေးကုမာရာတွန်ဂါတို့ကအသီးသီးမိန့်ခွန်းပြောကြားကြပြီးပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

အစည်းအဝေးသို့ တက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်းလမ်းဆက်သွယ်ရေး အင်အားပြည့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ
ဘင်းမ်စတက်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မှု အသိအမှတ်ပြု

▲ **ကျောဖုံးမှ**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ငါးလုပ်ငန်း၊သိပ္ပံနှင့်နည်းပညာနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုကဏ္ဍများတို့တွင် အလေးထား ပူးပေါင်းဆောင်ရွက်သွားရန်၊ သို့ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာ၌ ယင်းကဏ္ဍများတွင်သာ ကန့်သတ်ဆောင်ရွက်ရန် မဟုတ်ကြောင်း သဘောတူညီကြသည်။

- ဘင်းမ်စတက်အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်မှုများကို ယဉ်ကျေးမှု၊ ပညာရေး၊ လူထုကျန်းမာရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မိရိုးဖလာအသိပညာများ ကာကွယ်စောင့်ရှောက်ရေး၊ ကျေးလက်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆောင်ရွက်ရေး၊ ဆောက်လုပ်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ၊ ဇီဝနည်းပညာ၊ မိုးလေဝသနှင့်ရာသီဥတုဆိုင်ရာ သုတေသနပြုလုပ်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီး ကာကွယ်ရေးကဏ္ဍများတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေးတို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် သဘောတူညီကြသည်။
- ဘင်းမ်စတက်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအလားအလာများ အပြည့်အဝရရှိရေးအတွက် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ အချိန်မီပြီးစီးရေးအပါအဝင် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများအားလုံးကို ဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံစီ၏ အထူးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားကြရန်ဖြစ်သည်။
- ဘင်းမ်စတက်၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုတွင် အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလာရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဲ့သို့သော အဓိကကျသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သည်ဟု အသိအမှတ်ပြုကြသည်။ သို့ပါ၍ အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်းလမ်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ပြုလုပ်လျက်ရှိသည့် ဒေသဆိုင်ရာစီမံကိန်း အဆိုပြုချက် ဆွေးနွေးမှုများ လျင်မြန်စွာ အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော်နိုင်ရေးအတွက် အင်အားပြည့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြသည်။
- စွမ်းအင်ကဏ္ဍ၌ စွမ်းအင်ကို စဉ်ဆက်မပြတ်နှင့် အထိရောက်ဆုံးအသုံးပြုနိုင်ရေးကို အားပေးရန်အတွက် ရေနံနှင့်ရေအားလျှပ်စစ်စီမံကိန်းများ၊ လျှပ်စစ်နှင့်သဘာဝဓာတ်ငွေ့လိုင်းများဆက်သွယ်ရေး၊လောင်စာသုံးစွမ်းအင် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာများ တိုးတက်ရေးတို့ကို ဆောင်ရွက်ကြရန် သဘောတူညီကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခံခန်းမ၌ နေ့လယ်စာသုံးဆောင်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ထိုင်းနိုင်ငံဗန်ကောက် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Gen. Thammarak Issarangura နှင့်အဖွဲ့ လိုက်ပါပို့ဆောင်စဉ်။ (သတင်းစဉ်)

- ခရီးသွားလာရေးကဏ္ဍတွင် အဖွဲ့ဝင်နိုင်ငံများ၏ သဘာဝ၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ဆွဲဆောင်နိုင်မှုအင်အားများကို အများဆုံး အကျိုးဖြစ်ထွန်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီကြသည်။ ထို့အပြင် ဘင်းမ်စတက်နိုင်ငံများအကြား ခရီးသွားလာမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မှုတို့ကို အသိအမှတ်ပြုကြသည်။
- စီးပွားရေးလုပ်ငန်းများအတွက် ခရီးသွားလာရေး လွယ်ကူ ချောမွေ့အောင် ဆောင်ရွက်ရန် သဘောတူညီကြသည်။ ယင်းသို့ပြုလုပ်ရာတွင် ဘင်းမ်စတက်လုပ်ငန်း ခရီးသွားလာရေး ကတ်ပြား/ဗီဇာများ စတင်အသုံးပြုရေးကိုလည်း သဘောတူညီကြသည်။
- ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး အခွင့်အလမ်းများကို အပြည့်အဝ အသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှု အလားအလာများ ရှာဖွေဖော်ထုတ်ရန် အားပေး တိုက်တွန်းကြသည်။
- ဘင်းမ်စတက် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ပိုမိုပြုလုပ်ရေးကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ရေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ စာနယ်ဇင်းသမားများ၊ ကျောင်းသူကျောင်းသားများနှင့် တက္ကသိုလ်ဌာနများ၊ အားကစားသမားများ အပြန်အလှန် သွားရောက်လည်ပတ်ခြင်းစသည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ ရုပ်ရှင်ကားများ၊ ရုပ်မြင်သံကြားနှင့် ဂီတအစီအစဉ်များ စသည့် အနုပညာနှင့် ဖျော်ဖြေရေး ကဏ္ဍများတွင်လည်း အပြန်အလှန်ဖလှယ်မှု ပြုလုပ်ရေးကို အားပေးရန်ဆုံးဖြတ်ကြသည်။
- ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအားလုံး ညှိနှိုင်းဆောင်ရွက်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးများအား တာဝန်ပေးအပ်ရန် သဘောတူညီကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ●

ကလေး၏အသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးသူငယ်များ၏ အသက်ရှင်သန်ရေး၊ ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် အလွန်အရေးကြီးသဖြင့် မိခင်နို့တိုက်ကျွေးရေးလှုပ်ရှားမှုများကို နှစ်စဉ် ဩဂုတ်လ ပထမပတ်အတွင်း ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၂၀ကျော်၌ ကျင်းပလျက်ရှိသည်။ ယခုနှစ် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ Exclusive Breastfeeding: the Gold Standard-Safe, Sound and Sustainable ဟူ၍ဖြစ်သည်။ **"လုံခြုံပြည့်ဝစိတ်ချရေး၊ မိခင်နို့ (တစ်မျိုးတည်း)သာ တိုက်ကျွေးပေး"**ဟု မြန်မာမှုပြုထားပါသည်။ ရောဂါကင်း၍ ကျန်းမာစေခြင်း၊ အာဟာရပြည့်ဝခြင်း၊ ရေရှည်စိတ်ချလက်ချ တိုက်ကျွေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် မွေးစမှ အသက်ခြောက်လအထိ ရင်သွေးအား မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုလိုပါသည်။

မြန်မာမိခင်များသည် ရင်သွေးကို မိမိရင်မှဖြစ်သော နို့ချိုသာ တိုက်ကျွေးလိုကြ၏။ မွေးကင်းစအရွယ် ကလေးငယ်အား နှစ်သိမ့်ကြည်နူးစွာ နို့ချိုတိုက်ကျွေးနေသော မိခင်၏မျက်နှာတွင် ရင်သွေးအား အစာအာဟာရကိုသာမက ချစ်ခြင်းမေတ္တာကိုပါ ပေးနေသည့် ခံစားမှုကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ သားသမီးများကလည်း ကြီးမားသည့် အမေ့ကျေးဇူးများအနက် နို့ချိုတိုက်ကျွေးခဲ့သည့် ကျေးဇူးကို အထူးအလေးအနက်ထားကြသည်။ ဤအချက်များသည်ပင် မြန်မာနိုင်ငံ၌ မိခင်နို့တိုက်ကျွေးသည့်အစဉ်အလာ ဆက်လက်ထွန်းကားနေခြင်း၏ အခြေခံကျသော အကြောင်းတရားများဖြစ်လေသည်။

ယဉ်ကျေးမှုဓလေ့ထုံးစံအရ မိခင်နို့တိုက်ကျွေးခြင်းကို တန်ဖိုးထားတတ်ကြသည့် မြန်မာမိခင်များအနေဖြင့် သိပ္ပံနည်းကျ ဗဟုသုတများကို သိရှိထားကြပါက မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို ရင်သွေးငယ်ရော၊ မိခင်ပါ အပြည့်အဝ ခံစားနိုင်ကြမည်ဖြစ်ပါသည်။

မိခင်နို့ မှန်ကန်စွာတိုက်ကျွေးခြင်း

မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို အပြည့်အဝခံစားနိုင်ကြစေရန် လိုက်နာအပ်သည့်အချက်သုံးချက်ရှိသည်။ ယင်းတို့မှာ–

(၁) **မီးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးခြင်း၊**

(၂) **မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းနှင့်**

(၃) **အသက် ခြောက်လပြည့်ပြီးသည့်နောက်တွင် ထမင်းနှင့် အခြား အာဟာရပြည့်ဝသည့် ဖြည့်စွက်စာများကိုကျွေးရင်း မိခင်နို့ကို အသက်နှစ်နှစ်ကျော်သည်အထိ ဆက်လက်တိုက်ကျွေးခြင်း** တို့ဖြစ်သည်။

ပထမအချက်တွင် တင်ပြထားသည့်အတိုင်း မိခင်နို့ကို မီးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစွာ တိုက်ကျွေးခြင်းသည် ရင်သွေးငယ်အား နို့ဦးရည်ကို အပြည့်အဝသောက်စို့ခွင့်ပေးခြင်းပင်ဖြစ်သည်။ မီးဖွားပြီး ပထမတစ်ရက်နှစ်ရက်အတွင်းထွက်သည့်(နို့ဦးရည်)တွင် အာဟာရဓာတ်များကြွယ်ဝသည့်အပြင် ရောဂါအမျိုးမျိုးကို ခုခံကာကွယ်နိုင်သည့် ကိုယ်ခံစွမ်းအားဓာတ်များလည်း ပါရှိသဖြင့် ရင်သွေးငယ်၏ဘဝတွင် ပထမဆုံးသောရောဂါကာကွယ်ဆေး၊ အသက်ရှည်ဆေးဟူ၍ပင် တင်စားနိုင်ပေသည်။

မိခင်နို့ကို မီးဖွားပြီးတစ်နာရီအတွင်း စောနိုင်သမျှစောစွာ တိုက်ကျွေးခြင်းသည် မိခင်၏သားအိမ်ကျုံ့အားကို ကောင်းစေသည့် (Oxytocin) ခေါ် ဟော်မုန်းဓာတ် ထုတ်လုပ်ခြင်းကိုလည်း အားပေးသဖြင့် မိခင်သည် မီးဖွားပြီး သွေးသွန်ခြင်းအန္တရာယ်မှ ကင်းဝေးနိုင်ပေသည်။ ကျန်းမာရေးဝန်ထမ်းများ၏ ပညာပေးဆောင်ရွက်မှုကြောင့် မီးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးသည့်ဓလေ့၊ နို့ဦးရည်တိုက်ကျွေးသည့်ဓလေ့များ ထွန်းကားပြန့်ပွားနေသည်ကို အားရဖွယ်ရာတွေ့မြင်နေရပါသည်။

မိခင်နို့သည် ခြောက်လအောက် ကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်များ အားလုံးကိုလည်းကောင်း၊ အသက်ခြောက်လမှ ၁၁လအရွယ် ကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်များ၏ တစ်ဝက်ကိုလည်းကောင်း၊ အသက်တစ်နှစ်မှ နှစ်နှစ်အရွယ် ကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်များ၏ သုံးပုံတစ်ပုံကိုလည်းကောင်း ဖြည့်ဆည်းပေးနိုင်၏။ ရင်သွေးငယ်အား အသက်နှစ်နှစ်အထိ မိခင်နို့ ဆက်လက် တိုက်ကျွေးခြင်းသည် အာဟာရပြည့်ဝရေးအတွက် စရိတ်အနည်းဆုံးနှင့် စိတ်အချရဆုံး အစာကျွေးနည်းပင် ဖြစ်ပေသည်။ တတိယအချက်တွင် တင်ပြထားသည့်အတိုင်း မိခင်နို့ကို ကလေး၏အသက်နှစ်နှစ်ကျော်သည်အထိ ဆက်လက်တိုက်ကျွေးခြင်းသည် မြန်မာ့လူနေမှုအသိုင်းအဝိုင်းတွင် ထူးဆန်းသည့်ဓလေ့ မဟုတ်ပေ။ နောက်ထပ် သားသမီးမရမချင်း ကလေးအသက် နှစ်နှစ်ကျော် သုံးနှစ်အထိ နို့တိုက်ကျွေးနေသည့် မိခင်များကို နေရာအနှံ့အပြားတွင် တွေ့မြင်နိုင်ပါသည်။

မီးဖွားပြီးတစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးခြင်း၊ ကလေး၏အသက် နှစ်နှစ်ကျော်အထိ မိခင်နို့ ဆက်လက်တိုက်ကျွေးခြင်းတို့၏ အကျိုးကျေးဇူးများကို ကောင်းစွာ နားလည်သဘောပေါက်သဖြင့် လိုက်နာကျင့်သုံးကြသည့် မိခင်အများအပြားသည် အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါဆိုသည့် အကြံပြုချက်ကိုမူ လိုက်နာရန် ခက်ခဲနေကြကြောင်း တွေ့နေရပါသည်။ ထိုမိခင်များတွင်–

(၁) မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါဆိုသည့် စကား၏ အဓိပ္ပာယ်ကို ဂဃနဏ သဘောမပေါက်သည့်မိခင်များ၊

(၂) မိခင်နို့၏ အာဟာရတန်ဖိုးကိုမသိသဖြင့် ထမင်းသို့မဟုတ် တစ်ခုခုကျွေးမှဖြစ်မည်ဟု ထင်နေသောမိခင်များ၊

(၃) မိခင်သည် နို့ကောင်းကောင်းမထွက်ဟု ထင်ပြီး စိတ်ပူနေသောမိခင်များ၊

(၄) မိခင်နို့မှတစ်ပါး အခြားနို့များ၊ အရည်များ၊ အဖတ်များ တိုက်ကျွေးခြင်း၏ အန္တရာယ်ကို မသိသောမိခင်များ ပါဝင်ပါသည်။

ဤဆောင်းပါးတွင် အထက်ပါ အချက်လေးချက်ကို ရှင်းလင်းတင်ပြပါမည်။

မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ

မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ ဆိုသည့် စကား၏အဓိပ္ပာယ်ကို မိခင်အချို့သည် ဂဃနဏ သဘောမပေါက်ကြကြောင်း တွေ့ရ၏။ မိခင်နို့တစ်မျိုးတည်း တိုက်ရန် သေသေချာချာ မှာကြားထားသော မိခင်အား "ကလေးကို အမေနို့တစ်မျိုးတည်း တိုက်တယ်နော်" ဟု စစ်ဆေးမေးမြန်းလျှင် "ဟုတ်ကဲ့၊ အမေနို့တစ်မျိုးတည်း တိုက်ပါတယ်" ဟု ဖြေပြီး၊ "တစ်ခြားဘာမှမကျွေးဘူး မဟုတ်လား၊ ထမင်းလည်း မခွံ့ဘူးနော်"ဟု ဆက်၍ မေးသည့်အခါတွင်မှ "ထမင်းတော့ခွံ့ပါတယ်"ဟု ဖြေတတ်သူများကို မကြာခဏကြုံတွေ့ရပါသည်။ သူတို့ထင်နေကြသည်မှာ မိခင်နို့၊ နွားနို့၊ ဆိတ်နို့၊ နို့မှုန့်၊ နို့ဆီ စသည့် နို့အမျိုးမျိုးရှိသည့်အနက် မိခင်နို့တစ်မျိုးသာ တိုက်ရန်၊ အခြားနို့များ မတိုက်ရန် တားမြစ်ခြင်းသာဖြစ်သည်။ တားမြစ်ချက်တွင် ထမင်းမပါဟုထင်နေကြပါသည်။ အကယ်စင်စစ် ကျန်းမာရေးဝန်ထမ်းများ ပညာပေး တိုက်တွန်းပြောကြားနေကြသည့် မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးပါဆိုသော စကား၏ အဓိပ္ပာယ်မှာ မိခင်နို့မှလွဲ၍ မည်သည့်အရည်မှမတိုက်ပါနှင့်၊ မည်သည့်အဖတ်မျှ မကျွေးပါနှင့်ဟု ဆိုလိုပါသည်။

မိခင်နို့၏အာဟာရ

မွေးစမှ အသက်ခြောက်လအထိ ရင်သွေးငယ်အတွက် လိုအပ်သော အာဟာရဓာတ်များစုံလင်ပြည့်ဝစွာပါဝင်သည့် တစ်မျိုးတည်းသောအစာမှာ မိခင်နို့သာဖြစ်၏။ အခြားမည်သည့်အစားအစာတွင်မျှ ယင်းကဲ့သို့ အာဟာရဓာတ်များ စုံလင်ပြည့်ဝစွာ မပါဝင်ပေ။ **အသက်ခြောက်လအောက် ကလေးအား နို့မှုန့်တိုက်ခြင်း၊ ထမင်းခွံ့ခြင်း၊ အာဟာရမှုန့်ကျွေးခြင်း၊ ငှက်ပျောသီးကျွေးခြင်းတို့သည် မိခင်နို့ရှိပါလျက် မိခင်နို့လောက် မကောင်းသောအစာများကို အစားထိုး၍ ကျွေးသည့်သဘော ဖြစ်နေပါသည်။ မိခင်နို့လောက်မကောင်းသော အစာများဖြင့် ဗိုက်ပြည့်နေသည့်ကလေးသည် မိခင်နို့ကို များများမစို့နိုင်တော့သဖြင့် နို့အထွက်လည်း နည်းသွားနိုင်ပါသည်။ ထမင်း၊ အာဟာရမှုန့်၊ ငှက်ပျောသီး၊ ကြက်ဥ စသည့်အစာများကို ကလေး၏အသက် ခြောက်လပြည့်ပြီးမှသာ မိခင်နို့နှင့်အတူ ဖြည့်စွက်စာအဖြစ် ကျွေးသင့်ပါသည်။**

မိခင်နို့တွင် ရင်သွေးငယ်များ စံချိန်မီ ကြီးထွားဖွံ့ဖြိုးစေနိုင်သည့် ပရိုတင်း(Protein)ဓာတ်၊ အင်အားဖြစ်စေသည့် အဆီဓာတ်နှင့်သကြားဓာတ်များ လုံလောက်စွာ ပါဝင်နေသည်။ နွားနို့၊ ဆိတ်နို့ စသည့်တိရစ္ဆာန်နို့များတွင် ယင်းအာဟာရဓာတ်များ ပါဝင်သော်လည်း ပရိုတင်းဓာတ်ပမာဏမှာ များလွန်းသဖြင့် ကလေး၏ကျောက်ကပ်ကို အန္တရာယ်ပေးနိုင်ပါသည်။ ထို့ပြင် မိခင်နို့သည် ရင်သွေးငယ်အတွက် အစာကြေလွယ်၏။ နွားနို့၊ ဆိတ်နို့ စသည့် တိရစ္ဆာန်နို့များနှင့် ထမင်းကို အသက်ခြောက်လအောက် ကလေးငယ်သည် ကောင်းစွာအစာမချေနိုင်ပေ။

မိခင်နို့တွင် ဗီတာမင်နှင့် သတ္တုဓာတ်များလည်း ပါဝင်နေ၏။ မိခင်နို့တွင်ပါဝင်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များ၏ပမာဏသည် မိခင်စားသုံးသည့် အစာအာဟာရပေါ်တွင်မူတည်သည်။ မိခင်နို့တွင် အာဟာရဓာတ်များ စုံလင်ပြည့်ဝစွာပါဝင်စေရန် မိခင်သည် အစားအစာ အမျိုးမျိုးကို စုံလင်စွာ စားသုံးသင့်၏။ နို့တိုက်မိခင်သည် အစားအစာများကို အထူးရှောင်စရာမလိုပါ။ သန့်ရှင်းလတ်ဆတ်သည့် အစာအမျိုးမျိုးကို ခါတိုင်းကဲ့သို့ပင် စားသုံးသင့်ပါသည်။

ကလေးနို့မဝမှာ စိတ်မပူပါနှင့်

မိခင်တိုင်းလိုလိုသည် ရင်သွေးငယ်တစ်ယောက်ကို နို့ဝအောင် တိုက်နိုင်ပါသည်။ အကယ်စင်စစ် မိခင်တစ်ယောက်သည် အမြွှာကလေးနှစ်ယောက်ကိုပင် နို့ဝအောင် တိုက်နိုင်စွမ်း ရှိပါ၏။ ရင်သွေးကိုနို့ဝအောင်မတိုက်နိုင်သော မိခင် ရှားပါးသလောက်၊ မိမိကိုယ်မိမိ နို့ကောင်းကောင်း မထွက်ဘူးဟုထင်နေသောမိခင် အလွန်များသည်ကို တွေ့ရပါသည်။ ကလေးကို ခဏခဏ နို့တိုက်ခြင်း၊ အချိန်ကြာကြာ တိုက်ခြင်း၊ နေ့ရောညပါ မိခင်နို့တစ်မျိုးတည်းတိုက်ခြင်းတို့သည် နို့ထွက်များစေရန် သေချာသောနည်းများဖြစ်၏။ မိခင်ကိုယ်တိုင်က မိမိသည် ရင်သွေးကို နို့ဝအောင် တိုက်နိုင်သည်ဟု ယုံကြည်စိတ်မွေးခြင်း၊ အိမ်သူအိမ်သားများကလည်း နို့ထွက်ကောင်းကြောင်း အားပေးစကားပြောခြင်းတို့သည် နို့ထွက်များစေရန် များစွာအထောက်အကူပြုပါသည်။

ကလေးကို နို့ဘူးတွဲ၍တိုက်လျှင်ဖြစ်စေ၊ ခြောက်လအောက်ကလေးကို အခြားအရည်အဖတ်များ တိုက်ကျွေးလျှင်ဖြစ်စေ မိခင်၏နို့ထွက်နည်းသွားပါလိမ့်မည်။ မိမိကိုယ်မိမိ နို့များများမထွက်ဘူးဟု ထင်နေခြင်း၊ အိမ်သူအိမ်သားများက နို့ကောင်းကောင်းမထွက်ဘူးဟု ထင်မြင်ချက်ပေးခြင်းတို့ကြောင့် စိတ်ပူနေလျှင်လည်း နို့ထွက် အမှန်တကယ် နည်းသွားနိုင်ပါသည်။

မြခိုင်မေတ္တာ

အမိဝမ်းမှ၊ ကျွတ်စချိန်ခါ
နာရီဝက်တွင်း၊ မယွင်းမသွေ
နို့ဦးရည်ကို၊ တိုက်လေကျန
ခြောက်လအထိ၊ အမိနို့ချည်း
တစ်မျိုးတည်းသာ၊ နေ့လည်းညခါ
တိုက်လေပါလျှင်၊ ရောဂါဘယ
ကင်းစင်ပ၍၊ ဘဝလုံခြုံ
ဖြစ်တုံမက၊ အာဟာရနှင့်
ပြည့်ဝမှန်စွာ၊ အစာစိတ်ချ
ရွှေစံရမို့၊ မိဘဘိုးဘွား
ပြည်သူအားဖြင့်၊ သားလှသမီး
အပြီးမချို့၊ မိခင်နို့ကို
သောက်စို့မှန်ဘိ၊ ခြောက်လပြည့်မှ
ကျွေးဘိဖြည့်စွက်၊ အစာဖက်ကာ
ဆက်၍တိုက်ဖြစ်၊ နှစ်နှစ်ကျော်ပိုင်
ကာလတိုင်အောင်
မြခိုင်မေတ္တာဆောင်ပါလော့။ ။

(၂၀၀၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို ဂုဏ်ပြုကြိုဆိုလျက်)

ဒေါက်တာသန်းဦး

မိခင်နို့နှင့် ကလေးကျန်းမာရေး

မိခင်၏ရင်မှ ထွက်လာသောနို့ရည်သည် သန့်ရှင်း၏။ ရောဂါပိုးမွှားကင်းစင်၏။ ထို့ကြောင့် မိခင်နို့ကို သောက်စို့ရသော ရင်သွေးငယ်များတွင် ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများ ဖြစ်ပွားလေ့မရှိပေ။ နို့ဘူးတိုက်သော ကလေး၊ အသက်ခြောက်လမတိုင်မီ ထမင်း၊ အဖတ်အမျိုးမျိုးနှင့် အရည်အမျိုးမျိုး တိုက်ကျွေးသောကလေးများသည် အစာမသန့်ရှင်းခြင်း၊ ရေမသန့်ရှင်းခြင်း၊ ဇွန်းပန်းကန်များ မသန့်ရှင်းခြင်း၊ အစာကျွေးသူ၏ တစ်ကိုယ်ရည်သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများဖြစ်ပြီး အသက်အန္တရာယ်ပင် ကြုံတွေ့ရတတ်ပါသည်။

မိခင်နို့သည် ကလေးကို ရောဂါအမျိုးမျိုး၏ အန္တရာယ်မှ ခုခံကာကွယ်ပေးနိုင်သည့် ကိုယ်ခံစွမ်းအားဓာတ်များလည်း ကြွယ်ဝ၏။ နို့ဘူးတိုက်သောကလေး၊ အသက်ခြောက်လမတိုင်မီ ထမင်း၊ အဖတ်အမျိုးမျိုးနှင့် အရည်အမျိုးမျိုး တိုက်ကျွေးသော ကလေးများသည် မိခင်နို့ တစ်မျိုးတည်း သောက်စို့ရသည့် ကလေးများလောက် ကိုယ်ခံစွမ်းအားမကောင်းသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပြင် အသက်ရှူလမ်းကြောင်း ရောဂါ စသည့် အခြားရောဂါများ၏ အန္တရာယ်ကိုလည်း ပို၍ကြုံတွေ့ရတတ်ပါသည်။ ထို့ပြင် ထိုကလေးများသည် နို့ပွေး၊ ပန်းနာရင်ကြပ် စသည့် ဓာတ်မတည့်သော (Allergy) ရောဂါများလည်း ပို၍ခံစားရတတ်ကြောင်း သိရပါသည်။

ကျန်းမာရေးဝန်ထမ်းများ၏ အကူအညီကိုယူပါ

မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးပါလျက် ဝန်ထမ်းဖြစ်နေခြင်း၊ ဈေးရောင်းရခြင်း စသည့်အကြောင်းများကြောင့် အခက်အခဲတွေ့သူများအနေဖြင့် အဖြစ်နိုင်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းကို ကျန်းမာရေးဝန်ထမ်းများထံမှ အကြံဉာဏ် ရယူနိုင်ပါသည်။ ဗိုက်ခွဲ၍ မီးဖွားရခြင်း၊ နို့တင်းခြင်း၊ နို့ကြောင်းပိတ်ခြင်း၊ ရင်သားတွင် အနာဖြစ်ခြင်း၊ သာမန်ဖျားနာခြင်းတို့ကြောင့် မိခင်နို့တိုက်ကျွေးခြင်းကို ရပ်ဆိုင်းပစ်ရန် မလိုပါ။ ကျန်းမာရေးဝန်ထမ်းများ၏အကူအညီဖြင့် မိခင်နို့ ဆက်လက်တိုက်ကျွေးနိုင်ပါသည်။

ရင်သွေးငယ်များအား အာဟာရပြည့်ဝ ကျန်းမာစေလိုလျှင် မွေးစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ၊ ကျန်းမာရေးဝန်ထမ်းများထံမှ အကြံဉာဏ်နှင့် အကူအညီများ ရယူကြပါဟု တိုက်တွန်းလိုပါသည်။ ။

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်

World Breastfeeding Week

(၁–၈–၂၀၀၄ မှ ၇–၈–၂၀၀၄)

လုံခြုံပြည့်ဝ စိတ်ချရေး

မိခင်နို့ (တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

Exclusive Breastfeeding: the Gold Standard

Safe, Sound, Sustainable

ကျန်းမာရေးဝန်ကြီးဌာန

လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ ဗန်ကောက် အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းဆောင်၌ ပို့ဆောင်နှုတ်ဆက်ကြသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Gen. Thammarak Issarangura နှင့် အဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၅ မှ

နောက်တစ်ကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံ၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

နေ့လယ်စာသုံးဆောင်

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယထပ်ရှိ ဧည့်ခံခန်းမ၌ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေတ္တတည်းခိုသည့် ဟိုတယ်များသို့ ပြန်လည်ထွက်ခွာကြရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်က ရင်းနှီးခင်မင်စွာ ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Peninsula Hotel သို့ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ဂါရဝပြုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် များသည် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ပြန်လည်ထွက်ခွာကြရာ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၏ ဇနီး၊ စစ်သံမှူး၏ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Peninsula ဟိုတယ်မှ ဗန်ကောက် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ် အထူးဧည့်ခန်းဆောင်၌ ပို့ဆောင်နှုတ်ဆက်ကြသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Gen. Thammarak Issarangura၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိ ပုဂ္ဂိုလ်များအား ရင်းနှီးခင်မင်စွာ တွေ့ဆုံနှုတ်ဆက်ကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က လက်ဆောင်ပစ္စည်းကို ဂါရဝပြု ပေးအပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် တာဝန်ရှိသူများအား နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာ လေကြောင်း လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ လုပ်ငန်းသဘော နေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ဇနီး၊ စစ်သံမှူး၏ ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ ဂါရဝပြုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ လုပ်ငန်းသဘော နေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ရက် မွန်းလွဲ ၁နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Vithes Samonsorn ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်သည်။

အဆိုပါလုပ်ငန်းသဘောနေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အမ် မိုရှက်ခန်း၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး လွန်ပိုဂန်ဒူဝန်ချွတ်၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေ နာတ်ဝါဆင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ပရာကက်ရှ် ရှရန်မဟတ်၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လာခ်ရှမန်းကာဒူဂမာ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Vithes Samonsorn (3) ခန်းမ၌ လုပ်ငန်းသဘော နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

လုပ်ငန်းသဘော နေ့လယ်စာသုံးဆောင် အပြီးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ များမှ နိုင်ငံခြားရေးဝန်ကြီးများသည် မှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီး များ၏ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Vithes Samonsorn ၌ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ လုပ်ငန်းသဘော နေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



ကပ်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာဇေယျအတုလ မာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ်အား ရွှေမျက်ပါးသက်န်း ကပ်လှူ ပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတီးရွှေလျား တံခါးဖွင့်ပွဲနှင့် ရွှေမျက်ပါး သက်န်းတော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် ရှေ့မျက်နှာစာရှိ စတီးရွှေလျားတံခါးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မဟာဇေယျအတုလမာရဇိန်ကြေးသွန်းရု
နတ်လမ်းတံတားဖွင့်ပွဲ၊ စတီးရွှေလျ
ရွှေမျက်ပါးသက်န်းကပ်လှူပွဲနှင့်ရေစက်ချအ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တ

ရန်ကုန် ဩဂုတ် ၁

မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားဖွင့်ပွဲ၊ စတီးရွှေလျား ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် လမ်းရှိ အဆိုပါ ကြေးသွန်းရုပ်ပွားတော်မြတ်မုခ်ဦးရှေ့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်

တက်ရောက်ကြည်ညို

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပက အဖွဲ့ဝင်များ၊ တိ-နိ သာသနာပြု ဥပဋ္ဌာက အဖွဲ့ဝင်များ၊ သာသနာ့ အလံကိုင်အဖွဲ့၊ တံကြားထီးတော်တင်အဖွဲ့၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားပထမပိုင်း အစီအစဉ်အဖြစ် မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားပြီး မင်းသားနန်းဝင်းက ဦးအောင်တင်ဝင်း(ဘီအေ) ရေးသားစပ်ဆိုသောအခမ်းအနားဖွင့် မင်္ဂလာဧကပိုဒ်ရတုကို မြန်မာပြည် ကျော်ကြားစိမ်း မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ သီဆိုပူဇော်သည်။ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မဟာဇေယျ အတုလမာရဇိန်ကြေးသွန်းရုပ်ပွားတော် မြတ် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည် ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင့်ဆန်းနှင့် နတ်လမ်းတံတား အလှူရှင်ဦးထွန်းအေးတို့က ကြေးသွန်း ရုပ်ပွားတော်မြတ်နတ်လမ်းတံတားကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားဒုတိယ ပိုင်းအစီအစဉ်အဖြစ် စတီးရွှေလျား တံခါးဖွင့်ပွဲနှင့် ရွှေမျက်ပါး သက်န်း တော်ကပ်လှူပွဲအခမ်းအနားကို ကျင်းပ ရာ ရှေ့ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကြေးသွန်း ရုပ်ပွားတော်မြတ် ရှေ့မျက်နှာ စတီးရွှေလျားတံခါးကို စက်ခ နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီ ဗိုလ်ချုပ်ကြီးခင်ညွန့်က ကမ္ပည် ကွန်းစာကို အမွှေးနံ့သာရည ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝ ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇေယျအတုလမာရဇိန် ကြေး ရုပ်ပွားတော်မြတ်အား ရွှေမျ သက်န်းတော်များကို ကပ်လှူ သည်။

ယင်းနောက် နိုင်ငံတော်ဝ ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဝင်များက ဂန္ဓကုဋိတိုက်အတ ကြေးသွန်း ရုပ်ပွားတော်မြတ် ပန်း၊ရေချမ်း၊ဆီမီး၊အမွှေးနံ့သာ ဆက်ကပ် လှူဒါန်းပူဇော်ကြသ

ဆက်လက်၍ အခမ်း တတိယပိုင်းအစီအစဉ်အဖြစ်ရေစ အလှူတော်မင်္ဂလာ အခမ်းအန ကျင်းပရာ နိုင်ငံတော် ဩဝါဒါ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ နာယက တွဲဖက်ရွှေကျင် သာသန အဘိဓဇ မဟာရဋ္ဌဂုရု ရွှေပ သိရီမန္တ စံကျောင်း ဆရာတော် ရာဇိန္ဒာဘိဝံသ၊ နိုင်ငံတော်သံဃ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂ



ဆင်သမန္တယ်ပင်စိုက်ပျ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ် ကြီးခင်ညွန့် ရွှေတိဂုံစေတီ ရင်ပြင်တော် တနင်္ဂနွေထောင့် ဆေးမြတ်တော်ဝင် ဆင်သမ (ဆင်တုံးမနွယ်)ပင် စိုက် အခမ်းအနားသို့ တက်ရော ဆင်သမန္တယ် (ဆင်တုံးမနွယ် စိုက်ပျိုးပေးစဉ်။ (သတင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၈။ အရေးပြိုင်ပွဲ
- ၈း၂၀ ၉။ မင်းလှရေလှောင်တမံ
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Let's Go.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး)(ဓာတုဗေဒ)
- ၅း၁၅ ၆။ အကပဒေသာ
- ၅း၂၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခန်း)
- ၅း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆို၊အကများ
- ၅း၅၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆း၀၅ ၁၀။ Discovery.
- ၅း၁၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၁၁)**
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇း၁၅ ၁၅။ တေးဂီတအစီအစဉ်
- ၇း၃၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၉)**
- ၂၁။ နောက်တစ်နေ့ အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရွှေကြိုးဖြတ်၍ ဖွင့်လှစ်

မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင့်ဆန်းနှင့် နတ်လမ်းတံတား အလှူရှင် ဦးထွန်းအေးတို့ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကြေးသွန်းရုပ်ပွားတော်မြတ် တီးရွှေ လျှားတံခါး ဖွင့်ပွဲ ရေစက်ချအလှူတော်မင်္ဂလာ ကြီးခင်ညွန့် တက်ရောက်ကြည့်ရှု

ဩဂုတ် ၁

ံတားဖွင့်ပွဲ၊ စတီးရွှေ့လျှားတံခါးဖွင့်ပွဲ၊ ရွှေမျက်ပါးသင်္ကန်းကပ်လှူပွဲနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက် ကြားတောရ ာ်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှုသည်။

ရုပ်ပွားတော်မြတ် ရေ့မျက်နှာစာရှိ စတီးရွှေ့လျှားတံခါးကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကမ္ပည်းမော် ကွန်းစာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာ ဧယျအတုလမာရဇိန် ကြေးသွန်း ရုပ်ပွားတော်မြတ်အား ရွှေမျက်ပါး သင်္ကန်းတော်များကို ကပ်လှူပူဇော် သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ ဝင်များက ဂန္ဓကုဋိတိုက်အတွင်းရှိ ကြေးသွန်း ရုပ်ပွားတော်မြတ်အား ပန်း၊ရေချမ်း၊ဆီမီး၊အမွှေးနံ့သာတို့ဖြင့် ဆက်ကပ် လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အဖြစ်ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာ နာယက တွဲဖက်ရွှေကျင် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု ရွှေဟင်္သာ သီရိမန္တ စံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ

သဒ္ဓမ္မ ဇောတိက ဗဟန်းအောင်မြေ ဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသတို့ အမှူးပြုသော ဆရာ တော် သံဃာတော်များ ကြွရောက် တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်း အနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါ စရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ

မဟာနာယက တွဲဖက် ရွှေကျင် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု ရွှေဟင်္သာသီရိမန္တ စံကျောင်းဆရာ တော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ ဆရာ တော်ကြီးထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီး များက မေတ္တာသုတ် ပရိတ်တရား တော်များကို ရွတ်ဖတ်သရဇ္ဈာယ် တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျင် နိကာယ တွဲဖက်သာသနာပိုင် ဆရာ တော်ကြီးနှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာ တော်ကြီးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အလှူတော်ငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ACE ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် မန်နေဂျင်း ဒါရိုက်တာ သီဟသုဓမ္မမဏိဇောတဓရ စက်မှု စီးပွားထူးချွန် ပထမဆင့် ဦးတင်ဆန်း၊

ဇနီး ဒေါက်တာငွေငွေငြိမ်းတို့က ငွေကျပ်၄၆၄၀၅၅၀၊ ဦးထွန်းအေး-ဒေါ်နီနီဝင်း အမှတ်(၇) ယုဇနလမ်း မင်္ဂလာတောင်ညွန့်က ငွေကျပ် ၄၁၀၀၀၀၀၊ ဦးမျိုးဝင်း (စတီးဘရား သားကုမ္ပဏီ)က ငွေကျပ်၁၀၀၀၀၀၀၊ ဦးရေချမ်း - ဒေါ်ယုတင်မိုး၊ သမီး အိခိုင်မိုး မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ သမားတော်ကြီးဦးဘိုကြီး (သီရိသုဓမ္မမဏိဇောတဓရ)-ဒေါ်သန်း သန်းက ငွေကျပ် ၇၀၀၀၀၀၊ တံကြား ဦးသန်းလှက ငွေကျပ် ၆၀၀၀၀၀၊ ဒေါ်လွန်းငွေး အမှတ်(၄၆)ဘီ ဖိုးစိန် လမ်း ရန်ကုန်က ငွေကျပ် ၅၀၀၀၀၀၊ ဒေါ်တင့်တင့်(ဖြိုးလင်းကုမ္ပဏီ)မိသားစု က ငွေကျပ် ၂၀၀၀၀၀၊ ဂေးလဘတ် ကေဟိုး (ဦးကျော်မြင့်) - စန်စန်ဟိုး (ဒေါ်စန်းစန်း)မိသားစုက ငွေကျပ် ၁၃၀၀၀၀၊ မြန်မာမှုကြေးပန်းတဉ်း

ပညာရှင် ဦးသံချောင်း+ဒေါ်တင်စိန် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဦးလှိုင်ရည် +ဒေါ်မြငွေ(ငွေပိုင် ရေချို ပုစွန်သားဖောက်ကုမ္ပဏီ)က ငွေကျပ် ၂၀၀၀၀၀၊ ရဟန်းရှင်လူအများပြည်သူ ကောင်းမှု ငွေကျပ် ၃၁၉၄၈၅၀ တို့ကို ပေးအပ်လှူဒါန်းကြပြီးသာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က လက်ခံကာ အလှူရှင်များ အား အနုမောဒနာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက်ရန်ကုန်တိုင်းသာသနာ ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်း လှိုင်ကမင်္ဂလာဩဘာစာကိုဖတ်ကြား သည်။

ဆက်လက်၍ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိက အောင်မြေ ဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ ဆရာတော်ကြီးထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ် များနှင့် အလှူရှင်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေ ကြကာ အခမ်းအနားကို ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုး ရွှာသွန်းဖြိုးပေး သည်။

အဆိုပါ မဟာဗေယျ အတုလ မာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် ကြီးအား အများပြည်သူများ ရွှေ မျက်ပါးသင်္ကန်းတော် ကပ်လှူနိုင် ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကြေးသွန်း ရုပ်ပွားတော်မြတ်မှ ရွှေတိဂုံစေတီတော် ရင်ပြင်တော်သို့ အရှေ့ဘက်စောင်း တန်း လှေကားမှ တက်ရောက်၍ ရွှေတိဂုံစေတီတော်ကြီးအား လက်ယာ ရစ်လှည့်ပတ် ကြည့်ရှုပြီး ဘုရားဖူး ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ် ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံ စေတီတော်မြောက်ဘက်စောင်းတန်း တော်အနီးတွင် ရာဇာမုနိ အဓိဋ္ဌာန် ဘုရား ရုပ်ပွားတော်အားပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြည့်ရှုသည်။

မဟာဗေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လ တံတားဖွင့်ပွဲ၊ စတီးရွှေ့လျှားတံခါးဖွင့်ပွဲ၊ ရွှေမျက်ပါးသင်္ကန်း ကပ်လှူပွဲ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားတွင် အလှူရှင် ဦးထွန်းအေ ဒေါ်နီနီဝင်း အမှတ်(၇) ယုဇနလမ်း မင်္ဂလာတောင်ညွန့်တို့ အလှူငွေ ၄၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး သူရမြင့်မောင် လက်ခံစဉ်။ (သတင်း

ဆင်သမန္တယ်ပင်စိုက်ပျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် ရင်ပြင်တော် တနင်္ဂနွေထောင့်တွင် ဆေးမြတ်တော်ဝင် ဆင်သမန္တယ် (ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆင်သမန္တယ် (ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး ချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံ စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်၌ ကျင်းပသည့် ဆေးမြတ်တော်ဝင် ဆင် သမန္တယ်(ဆင်တုံးမန္တယ်)ပင် စိုက်ပျိုး လှူဒါန်းပွဲ အခမ်းအနားသို့ တက် ရောက်၍ ဆင်သမန္တယ်(ဆင်တုံး မန္တယ်)ပင်စိုက်ပျိုးမည့်နေရာ၌ ရတနာ ရွှေရည်များဖြင့် သွန်းလောင်း ပူဇော် ကာ ဆင်သမန္တယ်(ဆင်တုံးမန္တယ်) ပင်ကို စိုက်ပျိုးပေးသည်။

အဆိုပါ ဆေးမြတ်တော်ဝင် ဆင် သမန္တယ်(ဆင်တုံးမန္တယ်)ပင် စိုက်ပျိုး လှူဒါန်းပွဲအခမ်းအနားသို့ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌများ၊ ရွှေတိဂုံ စေတီတော် ထာဝရဘက်စုံ ပြုပြင် မွမ်းမံ တည်ဆောက်ရေး အဖွဲ့ဝင် များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ် အသင်းများနှင့် လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ဘုရားဖူးလာ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးမြတ် တော်ဝင်ဆင်သမန္တယ် (ဆင်တုံး မန္တယ်)ပင် စိုက်ပျိုးမည့်နေရာ၌ ရွှေငွေ ရတနာရည်များဖြင့် သွန်းလောင်း ပူဇော်ပြီး ဆင်သမန္တယ် (ဆင်တုံး မန္တယ်)ပင်ကို စိုက်ပျိုးပေးကာ ရေစင် သွန်းလောင်းပေးသည်။

ထိုအချိန်တွင် နိုင်ငံတော်ပြက္ခဒိန် အကြံပေးပညာရှင် အခါတော်ပေး ဆရာ ဦးကျော်က စိန္တာမဏိ မန္တာန်တော်ကိုလည်းကောင်း၊ အခမ်း အနားမှူး ရန်ကုန်တိုင်း သာသနာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်း လှိုင်နှင့် ပရိသတ်တို့က ဇယမ္ဂော ဗောဓိယာမူလေ အစချီသော ဇယ မင်္ဂလာအောင်ဂါထာများကို လည်း ကောင်း ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံ စေတီတော်ကြီးအား ဖူးမြော်ကြည်ညို သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည်

ရွှေတိဂုံစေတီတော် ရင်ပြင် တန ထောင့် ကျောက်စာရုံအနီး၌ စိုက ထားသည့် ဗန္ဓရသရက်ပင်ကို ကြ စစ်ဆေးပြီး ဆေးမြတ်တော်ဝင် သမန္တယ်(ဆင်တုံးမန္တယ်)ပင် စိုက လှူဒါန်းပွဲ အခမ်းအနား အောင ခြင်း အထိမ်းအမှတ်အဖြစ် ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေ စေတီတော်အထက်ပစ္စယာရှိ ပဒ္ မျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ တို့ဖြင့် ဆက်ကပ်လှူဒါန်းကာဖူး ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ဝန ချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေ စေတီတော် ရင်ပြင်တော်ပေါ် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘ ဖူးလာပြည်သူများအား ရင်းရင်း နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာ သည်။ (သတင်း

မိုးရာသီအမျိုးသား၊အမျိုးသမီးအလွတ်တန် တာဝေး(လမ်းမပေါ်)စက်ဘီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါ ၂၀၀၄ခုနှစ် မိုးရာသီ အမျိုးသား၊ အမျိုးသမီးအလွတ်တန်း တာဝေး(လမ်းမပေါ်) စက်ဘီးပြိုင်ပွဲကို ဩဂုတ် ၇ နံနက် ၅ နာရီခွဲတွင် ကျင်းပရန်စီစဉ်ထားရာ ရန်ကုန်-ပဲခူး-ရန်ကုန် အသွားအပြန်တာဝေး(လမ်းမပေါ်) အမျိုး ကီလိုမီတာ ၁၆၀ နှင့် အမျိုးသမီး ကီလိုမီတာ ၈၀ ပြိုင်ပွဲများ ပါဝင်သည်။

ယင်းပြိုင်ပွဲတွင် ဆုများထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေး တတိယဆု ကျပ်သုံးသိန်း၊ စတုတ္ထဆု ကျပ်နှစ်သိန်း၊ ပဉ္စမဆု ကျပ်တစ်သိန်းအပြင် နှစ်သိမ့်ဆု ငါးဆုအဖြစ် တစ်ဆု ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည့်အပြင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ရပ်တွင် ပထမ၊ ဒုတိယ၊ တတိယဆု ခြောက်ဦးတို့အား ပြိုင်စက်ဘီးတစ်စီးစီကို ထပ်မံချီးမြှင့်ပေးမည်ဖြစ်သည်။

မိုးရာသီတာဝေး(လမ်းမပေါ်) စက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဌာနဆိုင်ရာ ကလပ်အသင်း ပြည်နယ်နှင့်တိုင်းများမှ စက်ဘီးအားကစားမောင်မယ်များသည် ဩဂုတ် ၅ ရက် နောက်ဆုံးထား၍ မြန်မာ စက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဦးမြင့်ဟန်(သုဝဏ္ဏစက လေ့ကျင့်ရေးကွင်း)ထံ၌ အမည်စာရင်းများ ပေးသွင်းနိုင်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းနိုင်သည်။

(သတင်း

ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာသိရီမန္တစံကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တရာဇိန္ဒာဘိဝံသနှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်များ၏ပဓာနနာယက ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) နှင့် ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ရှိ သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် တပည့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာသိရီမန္တစံကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် တိုက်အုပ်နာယက ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တကဝိဓဇက ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ ၁၃၆၅ခုနှစ်တွင် ဓမ္မာစရိယနှင့် ပထမပြန်စာအောင် သံဃာတော်များအား ပညာရေးဆုချီးမြှင့်မည့် အစီအစဉ်ကို လည်းကောင်း၊ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ နာယကစာချဆရာတော်နှင့် ဒုတိယစာချဆရာတော်များအား ဂုဏ်ပြုဆုချီးမြှင့်မည့် အစီအစဉ်ကိုလည်းကောင်း လျှောက်ထားသည်။

ယင်းနောက်အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် စာချဘုန်းတော်ကြီး ငွေပဒေသာပင်အတွက် သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာသာရင်မြတ် - သီဟသုဓမ္မသီဂီဒေါ်နွယ်နွယ်အေး၊ သမီးမချောစုမြတ် မိသားစု အင်ကြင်းမြိုင်လမ်းသွယ်(၁) သဃ်န်းကျွန်းမြို့နယ်က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးအုန်းဇော်-ဒေါ်အေးအေးမွန်၊ သမီးအိကေခိုင် နဝရတ်ပုန်နိုပ်တိုက် နဝရတ်စက္ကူရောင်းဝယ်ရေးနှင့် ဖိတ်စာဖြန့်ချိရေး မိသားစု သင်္ဂဟလမ်း ကျောက်မြောင်းတာမွေမြို့နယ်က ငွေကျပ် ၅၀၀၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီရှေ့နေ ဒေါ်ခင်ကြည် လသာလမ်းက ငွေကျပ် ၅၀၀၀၀၀၊ အဖ ဦးငွေဘော်-အမိ ဒေါ်စန်းရီ၊ အစ်ကို ကိုမျိုးမင်းတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု ဖိုးစိန်လမ်း ဗဟန်းမြို့နယ်က ငွေကျပ် ၅၀၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိန်လှဝင်း-စိန်နှင့်စန်း ကုမ္ပဏီက ငွေကျပ် ၅၀၀၀၀၀(ဖခမည်းတော်ကြီးဦးသောင်းညွန့်)အား ရည်စူး၍ တွံတေးအရှင်ဣန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ) နှင့် မယ်တော်ကြီးဒေါ်လှစိန်၊ သမီး မအေးအေးမြင့် မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ဦးထွန်းထွန်းဦး-ဒေါ်မာမာ၊ သမီး မြတ်ပွင့်ဖြူသင်း မိသားစု ကမ္ဘာ့ဇရိပ်သာ ဗဟန်းမြို့နယ်က ငွေကျပ် ၂၀၀၀၀၀၊ ဒေါက်တာ နိုင်ထွဋ်အောင်-ဒေါက်တာဝေဝေရင်၊ သားရန်ငြိမ်းအောင်၊ မိုးမြတ်အောင်မိသားစု ငွေဝတ်မှုန် ရွှေတောင်ကြားရိပ်သာက ငွေကျပ် ၂၀၀၀၀၀၊ ဖခင်ကြီးဦးစံအားရည်စူး၍ မိခင်ကြီးဒေါ်သန်းစိန် အမှူးထား၍ ဒေါ်ခင်မြင့်-ဦးစံ ထမင်းဆိုင် မိသားစု (၇)လမ်း လမ်းမတော်မြို့နယ်က ငွေကျပ် ၁၀၀၀၀၀၊ ဦးလင်းမြင့်-ဒေါ်ခင်ခင်ဝင်းမိသားစု ရွှေစပါယ်လမ်း အောင်သိဒ္ဓိသမိုင်းက ငွေကျပ်၁၀၀၀၀၀၊ ကိုဝင်းမြင့်နှင့် မောင်နှမများ ဗိုလ်ချုပ်လမ်း ပုဇွန်တောင်မြို့နယ်က ငွေကျပ် ၁၀၀၀၀၀၊ မအေးနန္ဒာ၊ မောင်ကုသိုလ်အောင်(ခေတ္တ အမေရိကန်နိုင်ငံ)က ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာဒေါ်ရွှေကြည် သားသမီးမြေးတစ်စု သုခဝတီလမ်း ရန်ကင်းမြို့နယ်က ငွေကျပ် ၂၀၀၀၀၊ ဦးဗညားသန်းဟိန်း-ဒေါ်ဝင်းမူတင် မိသားစု သုခဝတီလမ်း ရန်ကင်းမြို့နယ်က ငွေကျပ် ၁၀၀၀၀နှင့် ဒေါ်လှသွယ် မိသားစု ကန်တော်ကလေးက ငွေကျပ် ၁၀၀၀၀တို့ကို လှူဒါန်းကြကြောင်းကို အလှူရှင်များနှင့် ပရိသတ်တို့က သာဓုအနုမောဒနာ ပြုနိုင်ကြရန် ဖတ်ကြားကြေညာသည်။

ယင်းနောက် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်များ၏ ပဓာနနာယက ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတအဘိဓမ္မပါဠိပါရဂူဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) က ရေစက်ချ အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နယ်စပ်/ စည်ပင်ဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဩဂုတ် ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ ဝန်ကြီးဌာန၏ ကောဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စည်ပင်သာယာရေးဓမ္မာရုံ၌ကျင်းပရာနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိ အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့်ဇနီး ဒေါ်ခင်မြချစ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။**(ဝဲပုံ)**

အခမ်းအနားအပြီးတွင် သံဃာတော်အရှင်သူမြတ်တို့အား ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

ကျပ်သိန်း ၃၀၀ ကံထူးရှင်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁

(၁၈၇)ကြိမ်မြောက် ကျပ်၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

ထ-၁၅၃၄၃၁

ကျပ်သိန်း ၅၀ ဆုများ

ထ-၇၅၂၃၃၈
မ-၁၂၃၂၅၆
ဍ-၂၆၈၄၂၉
အ-၄၆၁၅၈၄
ဃ-၇၂၆၉၉၁
ဟ-၄၈၇၄၈၁
ဝ-၁၁၉၃၁၃
သ-၇၆၁၇၃၂
ဏ-၈၀၉၅၀၄
ကဂ-၄၀၄၅၀၃

ကျပ် ၂၅ သိန်းဆုများ

ဗ-၉၃၇၁၇၉
က-၅၀၇၃၃၇
လ-၅၂၂၁၅၁
သ-၃၀၁၉၃၄
လ-၇၇၀၅၂၃
ည-၃၂၀၄၇၈
န-၇၉၁၅၁၉
ဝ-၂၁၂၄၇၄
ရ-၃၄၈၈၂၅
ဌ-၇၉၉၃၀၇
ဌ-၆၂၂၁၇၃
န-၆၄၃၄၈၆

ကျပ်သိန်း ၅၀ ယူနစ်
(မင်္ဂလာစုံတွဲ)ဆုများ

ခ-၃၂၅၇၈၇
တ-၄၉၅၁၁၃
ကဂ-၆၉၂၃၂၉
ကဂ-၁၄၀၇၈၂
ခ-၇၃၀၆၀၈
ဌ-၈၄၅၉၁၁
ခ-၇၆၇၁၈၆
ပ-၂၀၈၄၁၇
က-၅၉၆၄၇၈
စ-၂၅၈၀၈၃
ဆ-၃၆၆၇၅၆
ရ-၅၃၀၈၇၇
န-၉၇၈၆၄၂
အ-၉၆၉၂၈၅
ခ-၂၂၇၄၇၀
ပ-၈၄၁၀၆၃
ဝ-၈၆၀၃၁၂
ကက-၇၆၉၅၆၉
ဋ-၈၂၆၅၁၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် စပယ်မာဃလမ်း အမှတ်(၅)နေ (ဦးဟုတ်ခင်-ဒေါ်ခင်စိန်)သားသမီးမြေးမြစ်များက ကွယ်လွန်သူ အင်ပိတ်ကရောင်း(ခ)ဒေါ်ခင်စိန်၏ (၈၈)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ဇူလိုင် ၃၀ ရက်က လှူဒါန်းစဉ်။ (က-ပ)

ဧရာဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

ရန်ကုန် ဩဂုတ် ၁

ဧရာဝတီမြစ်ရေသည် အောင်လံမြို့နှင့် ပြည်မြို့တို့တွင် စိုးရိမ်ရေမှတ်များ အထက်တွင်၃ပေခန့် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၅ ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် လက်ရှိ ရေမှတ်မှ သိသိသာသာ တိုးလာခြင်းမရှိဘဲ ယနေ့မွန်းတည့်မှ နောက် ၃ ရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၊ ကလေးမြို့နှင့် မုံရွာမြို့တို့တွင် စိုးရိမ်ရေမှတ်များအထက်တွင်၁ပေခန့် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂ ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် အနည်းငယ်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄ ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ရန်ကုန်မြို့ ကန်တော်ကြီး ဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်သည် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း Education Zone ရှိ စိုက်ပျိုးရေးပြတိုက်သို့ရောက်ရှိလာရာ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဇုန်အလိုက် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်အား ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့် မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ဇုန်အလိုက် တာဝန်ယူဆောင်ရွက်နေကြသော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇုန်အလိုက် တာဝန်ရှိပုဂ္ဂိုလ်များက ဇုန်အလိုက် ပြုပြင်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် Elephant Plaza သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွှန့်ဖေတို့က Elephant Plaza တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီးမြေပဒေသာကျွန်း Education Zoneရှိ ပျိုးဥယျာဉ် အရောင်းဆိုင်များနှင့် ပန်းမန်ပြကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဥယျာဉ်အတွင်း ဆီအုန်းပင်များ၊ ကံ့ကော်ပင်များ ပိုမိုစိုက်ပျိုးထားရှိရေး၊ ရေကန်အတွင်းမှ ပိုးစားနေသော ကြာပင်၊ ဒိုက်ပင်များ ရှင်းလင်းထားရှိရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များသည် ဇုန်အတွင်းရှိ Fresh Water Fish Garden တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဥယျာဉ်တည်ဆောက်မှု တာဝန်ရှိ ပုဂ္ဂိုလ်များက Fresh Water Fish Garden ပုံစံငယ်၊ မိကျောင်းပြကွက်နှင့် ငါးအလှပြကွက်များတည်ဆောက်နေမှုတို့ကို လှည့်လည်ပြသရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များသည် Central Forest Zoneသို့ ရောက်ရှိကြပြီး စားသောက်ဆိုင် တည်ဆောက်မှုနှင့် Water Plaza တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီး Recreation Zone သို့ ရောက်ရှိကြရာ ဇုန်အတွင်း တည်ဆောက်မှုလုပ်ငန်းများ တာဝန်ခံ ဇေကမ္ဘာ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက Zoneအတွင်း ကွန်ကရစ်ဘလောက်တုံးများ ခင်းကျင်းရန် စီစဉ်ထားရှိမှု၊ နမူနာပြကွက်နှင့်ကန်တော်ကြီးအတွင်း အပျော်စီးလှေများ စီစဉ်ထားရှိမည့် လှေဆိပ်နှင့် အပန်းဖြေနေရာတည်ဆောက်ထားရှိမှုနှင့် တည်ဆောက်မည့်နေရာတို့ကို လှည့်လည်ပြသရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး Relaxation ဇုန်ရှိ ပန်းကန်လုံးကျွန်းနှင့် သီဟဒီပကျွန်း ကျွန်းကူးသစ်သားတံတားများ တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လှည့်လည်ပြသရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ကန်တော်ကြီး ဥယျာဉ်အဆင့်မြှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ဇုန်အလိုက် တာဝန်ရှိ ပုဂ္ဂိုလ်များအား လိုအပ်သည်များကို မှာကြားပြီး ကန်တော်ကြီး Relaxation Zone မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မိခင်နှို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆု ချီးမြှင့်သည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆု ချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမဥ္စကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့စည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂုဏ်ပြုဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများမှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မိခင်နို့စနစ်တကျ တိုက်ကျွေးသောဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် မကွေးတိုင်းမှ ငဖဲမြို့နယ် ပြည်သူ့ဆေးရုံ၊ မြိုင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် စကုတိုက်နယ်ဆေးရုံ၊ ရန်ကုန်တိုင်းမှ ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်တန်းမြို့နယ် မီးပြ တိုက်နယ်ဆေးရုံနှင့် ခရမ်းမြို့နယ် ကမာမတ် တိုက်နယ်ဆေးရုံတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မိခင်နို့ စနစ်တကျတိုက်ကျွေးသောဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် ကယားပြည်နယ်မှ ဒီမောဆိုးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဖရူးဆိုးမြို့နယ် ပြည်သူ့ဆေးရုံ၊ မန္တလေးတိုင်းမှ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ် ဆေးရုံနှင့် ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားတိုက်နယ်ဆေးရုံတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပဲခူးတိုင်း(အရှေ့ပိုင်း)မှ ဒိုက်ဦးမြို့နယ် အေးသုခ တိုက်နယ်ဆေးရုံနှင့် ဝေါမြို့နယ် မြစ်ကျိုးတိုက်နယ်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တောင်ကြီးမြို့နယ် အေးသာယာတိုက်နယ်ဆေးရုံနှင့် ရွှေညောင်တိုက်နယ် ဆေးရုံတို့မှ တာဝန်ရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Longက မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် ဧရာဝတီတိုင်းမှ ဝါးခယ်မမြို့နယ် ရွှေလောင်းတိုက်နယ်ဆေးရုံ၊ ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံနှင့် ငပုတောမြို့နယ် ဟိုင်းကြီးတိုက်နယ်ဆေးရုံ၊ ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မိခင်နို့ စနစ်တကျတိုက်ကျွေးသောမြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ကယားပြည်နယ်မှ လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုးမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)မှ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်နှင့် ဝေါမြို့နယ်၊ မကွေးတိုင်းမှ မကွေးမြို့နယ်၊ မင်းဘူးမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် ချောက်မြို့နယ်၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၊ ရန်ကုန်တိုင်းမှ တာမွေမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်၊ ဧရာဝတီတိုင်း အိမ်မဲမြို့နယ်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ်တို့မှ တာဝန်ရှိသူများအား ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် မြို့နယ် ၁၈မြို့နယ်တို့မှ သူနာပြု၊ ကျန်းမာရေးဆရာမနှင့် သားဖွားဆရာမ ကိုယ်စားလှယ်များအား ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ်ပြုခံရသော ပဲခူးတိုင်း(အရှေ့ပိုင်း) ဆေးရုံအတွက် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အချိန်ကုန်သက်သာပြီး ကုန်ကျစရိတ်သက်သာခြင်းတို့ခံစားရမည့် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲ စပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိရေးနှင့် တစ်နိုင်ငံလုံး စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်တိုင်း ၂၀၀၄-၂၀၀၅ခုနှစ် ရေတော်မိုးတော် မိုးစပါး ကွင်းပိတ်ပွဲ၊ တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲတွင် လှည့်လည်ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁

၂၀၀၄-၂၀၀၅ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၃-၂၀၀၄ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် စနာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာ ရန်ကုန်မြို့ပတ်လမ်းမကြီးပေါ်ရှိ လယ်သမားကြီး ဦးရဲမြင့်အောင်၏ လယ် ၁၁ဧက၊ လယ်သမားကြီး ဦးအောင်စိုး၏ လယ်ခုနစ်ဧကနှင့် လယ်သမားကြီး ဦးမြတ်သိန်း၏ လယ်ခုနစ်ဧက စုစုပေါင်းလယ်မြေ ၂၅ဧကပေါ်တွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းစိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ရန်ကုန်အရှေ့ပိုင်းခရိုင် ကိုယ်စားပြု ဒဂုံမြို့သစ်မြို့နယ်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ သန်လျင်၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ ထန်းတပင်၊ မှော်ဘီ၊ လှည်းကူးနှင့် တိုက်ကြီးမြို့နယ်တို့မှ လယ်ယာလုပ်သားများ၊ လှည်းကူးမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးကိရိယာများ၊ မြေသြဇာနှင့် လယ်ယာအသုံးအဆောင်များ ထုတ်လုပ်သည့် လုပ်ငန်းများမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့သည် ရန်ကုန်တိုင်း၏ ရေတော်မိုးတော် စပါးကွင်းပိတ်နိုင်သည့် နေ့ဖြစ်သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ ဖြစ်ကြောင်းကို ဦးစွာပထမ ပြောကြားလိုကြောင်း။

၉၅ ဒသမ ၄၃ရာခိုင်နှုန်း

ရန်ကုန်တိုင်း အနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၂သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၁၁ဒသမ ၄၅သိန်းအထိ စိုက်ပျိုးပြီး လျာထားချက်အပေါ် ၉၅ဒသမ ၄၃ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေသည်ကို တွေ့ရှိရကြောင်း၊ ယခု မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးနိုင်သည့် လယ်မြေဧကများ အားလုံးကို စိုက်ပျိုးလုပ်ကိုင်ထားခြင်း ဖြစ်ပြီး ရေကျနောက်စိုက်စပါးများ စိုက်ပျိုးရန် ရေကြီးကွင်းရေနက်ကွင်းများ၌သာ စိုက်ပျိုးရန် ကျန်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း ကျန်ရှိနေသေးသည့် ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် စိုက်ပျိုးကာ ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်သဖြင့် များစွာအားရမိကြောင်း။

လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူလယ်သမားများ အနေဖြင့် မိမိတို့ ထွန်တုံးပိတ် စိုက်ပျိုးပြီးစီးပြီဖြစ်ရာ ပွဲပြီးမီးသေ သဘောမျိုးမထားဘဲ မိမိတို့စိုက်ပျိုးလုပ်ကိုင်ထားသည့် လယ်ယာလုပ်ကွက်များတွင် စိုက်ပျိုးလုပ်ကိုင်ပြီးသည်မှအစပြုပြီး စပါးများ ရိတ်သိမ်းခြွေလှေ့ပြီးသည်အထိ လယ်ယာလုပ်ငန်း၏ လိုအပ်ချက်များကို အမြဲမပြတ် ဂရုပြုဆောင်ရွက်နေကြရန် ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုအပေါ်တွင် တည်မှီနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက် (၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုနိုင်ငံထူထောင်ရန် အဓိက လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအနှံ့ စက်မှုဇုန်များတည်ထောင်ကာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အကူအညီများ ပေးလျက်ရှိသကဲ့သို့ အသိပညာများ၊ အတတ်ပညာများ တိုးတက်ရရှိရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်ကာ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိကြောင်း။

ပိုမိုသုံးစွဲဆောင်ရွက်

ထို့ကြောင့် လက်ရှိ နိုင်ငံတော်၏ အနေအထားအရ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တဖြည်းဖြည်း အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ဒေသအနှံ့အပြားတွင် လယ်ယာသုံး စက်ကိရိယာများကို သုံးစွဲနေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ လယ်ယာလုပ်ငန်းခွင်များတွင် ပျိုးကြဲစိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်သက်သာပြီး လယ်ယာလုပ်သား သုံးစွဲရမှု နည်းပါးခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကို ရရှိခံစားကြရမည်ဖြစ်သဖြင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ပိုမိုသုံးစွဲဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ၂၀၀၃-၂၀၀၄ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲတွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ လယ်ယာကဏ္ဍ ဘက်စုံထူးချွန်မြို့နယ်ဆုရ လှည်းကူးမြို့နယ်အတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား ဆုများချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်တစ်ဝန်းလုံး စိုက်ပျိုးထုတ်လုပ်နိုင်မှုကိုကြည့်ပါက ၁၉၆၂-၁၉၆၃ ခုနှစ်တွင် မိုးစပါးဧက ၁၂သန်းနီးပါးစိုက်ပျိုးပြီး စပါးတင်းသန်း ၄၀၀ ခန့် ထွက်ရှိသည်ကို တွေ့ရှိရပြီး ၁၉၈၂-၁၉၈၃ ခုနှစ်တွင် စပါးဧက ၁၂ ဒသမ ၉ သန်း စိုက်ပျိုးပြီး စပါးအထွက်တင်းသန်း ၆၈၀ ထွက်ရှိလာသည်ကိုတွေ့ရှိရကြောင်း၊ ၂၀၀၁-၂၀၀၂ခုနှစ်တွင် မိုးစပါးဧက ၁၃သန်းနှင့် နွေစပါးဧက ၂ သန်း စိုက်ပျိုးပြီး စပါးအထွက် တင်းသန်းပေါင်း ၁၀၅၀ ထွက်ရှိကာ ယခင်နှစ် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၁၃ ဒသမ ၄၃ သန်းနှင့် နွေစပါးဧက ၃ ဒသမ ၁၀ သန်း စိုက်ပျိုးကာ စပါးအထွက် တင်းသန်းပေါင်း ၁၁၅၆ တင်းအထိ တိုးတက်ထွက်ရှိလာသည်ကို တွေ့ရှိရကြောင်း။

နည်းလမ်းလေးသွယ်

နိုင်ငံတော်က စပါးတစ်ဧကတင်း ၁၀၀ထွက်ရှိရေးနှင့် တစ်နိုင်ငံလုံး စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးအတွက် ရည်မှန်းထားရာ ရည်မှန်းချက်ပြည့်မီရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သီးနှံများအထွက်တိုးအောင်ဆောင်ရွက်ရမည့် နည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ကန်အောင် စိုက်ပျိုးရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ စိုက်ပျိုးရေး၊ ဓာတ်မြေသြဇာနှင့် ဒေသထွက်သဘာဝမြေသြဇာများ ပေါင်းစပ်သုံးစွဲရေးနှင့် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်လာအောင် ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်၏ တောင်ကုန်းတောင်တန်းများပေါများသည့် ရှမ်းပြည်နယ်ဒေသများတွင် စပါးတစ်ဧကတင်း ၁၈၀ အထိထွက်ရှိနေသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို အသုံးပြု စိုက်ပျိုးနေကြပြီဖြစ်ရာ ရေ၊ မြေ အခြေအနေပေးသည့် မြေပြန့်ပေါများသော ဒေသများတွင် ဒေသနှင့် ကိုက်ညီသည့် စပါးအထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အနေဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေး လုပ်ငန်းများ များစွာကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ယင်းတို့မှရရှိသည့် စိုက်ပျိုးရေများကို အကျိုးရှိစွာ အသုံးပြုပြီး သီးထပ်စွမ်းအား တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသများသည် နိုင်ငံ၏လူဦးရေအများဆုံး နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဒေသများဖြစ်ရာ ကျေးလက်ဒေသများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် ကျေးလက်ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ၂၀၀၄-၂၀၀၅ခုနှစ် ရေတော်မိုးတော် မိုးစပါး ကွင်းပိတ်ပွဲ၊ တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၃-၂၀၀၄ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စပါးခင်းများအတွင်း ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးငါးမျိုးများ စိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

* စာမျက်နှာ ၁၂ မှ

သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးစိုးမင်းတို့က မိမိတို့ခရိုင်အလိုက် ၂၀၀၄-၂၀၀၅ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ် အစီရင်ခံစာများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်ကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီဒိုင်ချုပ် ရန်ကုန်တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းက ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကို အချက်ပေး၍ စတင်ဖွင့်လှစ်ပေးလိုက်ရာ မြို့နယ်များအလိုက် ပြိုင်ပွဲဝင် လယ်ယာလုပ်သားအဖွဲ့များက တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပန်းတိုင်အထွက်နှုန်းထွက်ရှိသည့် စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်၊ ရေကျောက်ခက် (အဇိုလာ) မွေးမြူထားရှိမှု၊ ခေတ်သစ်ဘောင်စနစ်ဖြင့် ပျိုးထောင်နည်း၊ စပါးခေါင်နှံဖြင့် မျိုးသန့်ပွားများနည်း၊ “တစ်နှံမှတစ်ကွင်း တစ်ကွင်းမှတစ်နိုင်ငံ မျိုးပွားအောင်ကြ”စိုက်ကွက်၊ ကြိုးတန်းဖြင့် မျိုးစေ့ချ စိုက်ပျိုးခြင်းစိုက်ကွက်၊ မြေတွင်းတည်ရှိသော အာဟာရဓာတ်များ စမ်းသပ်ကွက်၊ ပင်ပွားကောင်းစေရန် ပျိုးသက်ငယ်ပျိုးပင်များအား ကောက်ကွက်ကျဲကျဲဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် စမ်းသပ်ကွက်၊ စက်ဖြင့် မျိုးစေ့ချ စိုက်ပျိုးဖြစ်ထွန်းနေသည့် စပါးစိုက်ခင်း၊ ကောက်စိုက်သူမများက လက်ဖြင့် ကောက်စိုက်နေမှု၊ လယ်ကွက်အတွင်း သဘာဝမြေသြဇာကြဲပက်နေမှု၊ EM ဖြင့် ကောက်ရိုးနှင့် ဖေဒါးမြေ လုပ်ကာ EM ဘိုကာရှီမြေသြဇာပြုလုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့ဝင်များသည် **“မြေမှာစပါး၊ ရေမှာငါး၊ စိုက်မွေးအားထား၊ ပြည့်စီးပွား”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရွှေဝါငါးကြင်းကောင်ရေ သုံးသောင်းနှင့် ငါးခုံးမကြီးကောင်ရေနှစ်သောင်းတို့ကို စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ၂၀၀၄-၂၀၀၅ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၃-၂၀၀၄ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် လယ်ယာကဏ္ဍ ဘက်စုံထူးချွန် မြို့နယ်ဆုရ လှည်းကူးမြို့နယ်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၃-၂၀၀၄ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ဗဟိုအဆင့် တတိယဆုရ ကျောက်တန်းမြို့နယ်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ၂၀၀၃-၂၀၀၄ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ဗဟိုအဆင့် တတိယဆုရ ထန်းတပင်မြို့နယ်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု ဗဟိုအဆင့်ထူးချွန်ဆုရ သုံးခွမြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ၂၀၀၃-၂၀၀၄ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိုးစပါးသီးထုံချန်လယ်သမားဆုရ ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက်မှ ဦးလှဝင်း၊ ပဲတိစိမ်းသီးနှံထူးချွန် လယ်သမားဆုရ ခရမ်းမြို့နယ်အုတ်ဖိုကျေးရွာမှ ဦးအေးဟန်၊ နေကြာသီးနှံ ထူးချွန်လယ်သမားဆုရ ကျောက်တန်းမြို့နယ် ကရင်ချောင်ကျေးရွာမှ ဦးခင်ငြိမ်းတို့အား လည်းကောင်း၊ မြို့နယ်အလိုက် သီးနှံစိုက်စွမ်းအား တတိယဆုရ သုံးခွမြို့နယ်၊ ဒုတိယဆုရ ခရမ်းမြို့နယ်၊ ပထမဆုရ တိုက်ကြီးမြို့နယ်နှင့် မြို့နယ်အလိုက် မိုးစပါးဘဏ်ချေးငွေ ပေးဆပ်နိုင်မှု တတိယဆုရ တွံတေးမြို့နယ်၊ ဒုတိယဆုရ သုံးခွမြို့နယ်၊ပထမဆုရ လှည်းကူးမြို့နယ်နှင့် မြို့နယ်အလိုက် နွေစပါးဘဏ်ချေးငွေ ပေးဆပ်နိုင်မှုဆုရ လှည်းကူးမြို့နယ်အတွက် သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ဆုများချီးမြှင့်သည်။

ယင်းနောက် တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲအတွက် ဆုချီးမြှင့်ရာ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းက နှစ်သိမ့်ဆုရ တိုက်ကြီးမြို့နယ်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း မန်နေဂျာ ဦးအောင်ဆန်းက တတိယဆုရ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ဒုတိယဆုရ ကျောက်တန်းမြို့နယ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပထမဆုရ လှည်းကူးမြို့နယ်တို့မှ သက်ဆိုင်ရာ လယ်ယာလုပ်သားအဖွဲ့ ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက အခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချ စိုက်ပျိုးခြင်းသည် လယ်သမားတစ်ဦး၊ တစ်ရက်လျှင် လယ်မြေသုံးဧကအထိ စိုက်ပျိုးနိုင်စွမ်းရှိကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မိုးစပါးပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးအတွက် စိုက်ပျိုးနည်းပညာပြခန်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနပြခန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာနပြခန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် GECအရောင်းဆိုင်၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနပြခန်း၊ စက်မှုလယ်ယာဦးစီးဌာနပြခန်း၊ ရွှေထယ် စက်မှုလယ်ယာပစ္စည်းအရောင်းပြခန်း၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနပြခန်း၊ ဂွတ်(ဒ်)ဘရာသား(စ်) ကုမ္ပဏီလီမိတက်၏ ဒီဇယ်အင်ဂျင်နှင့် လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးပြခန်း၊ ရွှေထွန်းကုမ္ပဏီလီမိတက်၏ ဒီဇယ်အင်ဂျင်နှင့် လယ်ယာသုံးပစ္စည်းများ အရောင်းပြခန်း၊ ရွှေမေတ္တာ စွမ်းအားပြည့်ဓာတ်မြေသြဇာအရောင်းပြခန်း၊“မက်” ပစီဖိတ် ကုမ္ပဏီလီမိတက်၊ နဝရတ်ရွှေရှုဝံ ဘက်စုံအာဟာရပြည့် ဓာတ်မြေသြဇာထုတ်လုပ်ရေးပြခန်း၊ မာလာမြိုင်အင်တာပရိုက်(စ်) စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းပြခန်း၊ AWBA မြန်မာသြဘာ၊ အောင်ရတနာဖြိုးကော်မာရှယ် ကုမ္ပဏီလီမိတက်၏ လယ်ယာသုံးပစ္စည်းပြခန်းနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ဆီအရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၉၅ရာခိုင်နှုန်း စိုက်ပျိုးပြီးစီး

ရန်ကုန်တိုင်းအတွင်း ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၂၀၀၀၈၀ စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိ မိုးစပါး ၁၁၄၅၂၆၄ ဧက စိုက်ပျိုးပြီးဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၅ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်။ ရေတော်မိုးတော် မိုးစပါး စိုက်ဧက ၈၇၇၄၃၆ ဧက စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိ ရေတော်မိုးတော် မိုးစပါး ၈၇၈၂၅၆ ဧက စိုက်ပျိုးပြီးဖြစ်သည့်အတွက် သတ်မှတ်ဧက ပြည့်မီကျော်လွန် စိုက်ပျိုးပြီးဖြစ်သည်။ စိုက်ပျိုးရန်ကျန်သည့် ၅၄၈၁၆ ဧကကို ရေကျနောက်စိုက် စပါးများအဖြစ် ဆက်လက် စိုက်ပျိုးမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၃-၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ဗဟိုအဆင့် တတိယဆုရ ကျောက်တန်းမြို့နယ်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက် ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ်ဂျာနယ်တွင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်ရန် အိန္ဒိယဘဏ်က ဒေါ်လာ ၅၆ သန်း ချေးငွေပေး၊ စာရိတ္တနှင့် လောကနီတိဘာသာရပ်အသစ် အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ဖြည့်စွက်သင်ကြား၊ မြန်မာ့လယ်ယာထွက်ကုန်မှ မြန်မာ့ဆန်စပါးရောင်းဝယ်မှု မှတ်တမ်းစာအုပ်ထုတ်မည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်ကြား စာရင်းမှတ် ကုန်သွယ်ရေးနှင့် ကမ်းရိုးတန်းသွားလာရေး ပိုမိုအသက်ဝင်မည်၊ ငါးမန်းနှင့်ပတ်သက်သော ပစ္စည်းများ ဝယ်ယူခွင့်လိုင်စင် ထုတ်ပေးခြင်းကိုရပ်ဆိုင်း၊ မလေးရှားက တရားမဝင်အလုပ်သမား တစ်သန်းကျော်ကို ယခုနှစ်မကုန်မီ နေရပ်ပြန်ပို့မည်၊ ဆမ်ဆောင်းမိုဘိုင်း ဖုန်းများ လူကြိုက်များ ကမ္ဘာ့နံပါတ်(၂)ဖြစ်လာ၊ ဈေးနှုန်းချိုတိုက်ဂါးအဲဝေးစ် ဘတ်ဂျက်လေကြောင်းလိုင်းသစ် စင်ကာပူက စတင်ပျံသန်း၊ စင်ကာပူတွင် နှစ်နာရီကြာ လျှပ်စစ်မီးပြတ်တောက်ခဲ့သဖြင့် စွမ်းအင်စနစ်တစ်ခုလုံးကို ပြန်လည်သုံးသပ်မည်ဟုဆို၊ ကမ္ဘောဒီးယားက ဆန်တစ်မျိုး၊ ထိုင်း၏ နာမည်ကျော် ဟွမ်မလီဆန်နှင့် ချွတ်စွပ်တူ၊ ထိုင်းဆန်စီးပွားရေးသမားများ စိုးရိမ်သောကဖြစ်နေကြ စသည့် ပြည်တွင်းပြည်ပ စိတ်ဝင်စားဖွယ်ရာသတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်ဈေးနှုန်း သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်ကဏ္ဍများဖြင့် ဝေဝေဆာဆာဖော်ပြထားကာ e-Empire Media House ၊ ဖုန်း-၇၀၃၀၃၇ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က-ပ)

မြေမှာစပါး၊ ရေမှာငါး

စိုက်မွေးအားထား၊ ပြည့်စီးပွား

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၈-၂၀၀၄

ရေး	-	၇ ဒသမ ၁၇ လက်မ
ပူတာအို	-	၄ ဒသမ ၈၄ လက်မ
ထားဝယ်	-	၃ ဒသမ ၃၉ လက်မ
ဘားအံ	-	၃ ဒသမ ၂၇ လက်မ

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၉နာရီတွင် ၁၅၁လမ်းနှင့် ဗဟိုလမ်းထောင့် ဗျိုင်းရွာမ ရပ်ကွက် တာမွေမြို့နယ်ရှိ "ဧ" ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံမည့် အသက်(၇၅)နှစ်နှင့်အထက်သက်ကြီးများ ဩဂုတ် ၄ရက်နေ့ နောက်ဆုံးထား စာရင်းပေးကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း-၅၄၉၆၉၁၊ ၀၉-၅၀၁၆၆၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ဇံ ဖုန်း-၂၉၂၀၈၆နှင့် အတွင်းရေးမှူး ဦးမိုးမြင့် ဖုန်း-၇၀၁၁၄၅ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇူလိုင် ၂၃ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်အသင်းခွဲများ ပူးပေါင်းလျက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အသင်းရုံးခန်းမ၌ ကျင်းပရာ ပင့်သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အလှူငွေလက်ခံ

အမှတ်(၃၀) နဝဒေးလမ်း ဒဂုံမြို့နယ်နေ အဂ္ဂမဟာသီရိသုဓမ္မ သီဂီဒေါ်ဆယ် (လူမှုထူးချွန်ပထမဆင့်) ငွေဆယ်မိသားစု(မန္တလေး)က ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် ရန်ပုံငွေတို့အတွက် ငွေကျပ်ငါးသိန်းကို ဇူလိုင် ၂၆ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစား သံအမတ်ကြီး)နှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင်(အငြိမ်းစား)တို့ လက်ခံယူကြစဉ်။ (က-ပ)

အောင်ဓမ္မရိပ်သာ ဝါတွင်းတရားပွဲများ

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့ သမိုင်း(၁၂)ရပ်ကွက် လှိုင်မြို့နယ် အောင်ဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် ဝါတွင်းတရားပွဲများကို ဩဂုတ် ၅ရက်မှ ၁၆ရက်ထိလည်းကောင်း၊ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၇ရက်ထိလည်းကောင်း၊ စက်တင်ဘာ ၂၃ရက်မှ အောက်တိုဘာ ၄ရက်ထိလည်းကောင်း၊ အောက်တိုဘာ ၁၄ရက်မှ ၂၅ရက်ထိလည်းကောင်း နာယကဆရာတော်များကြီးမှူး၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)



နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၁)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်၄၆၁ကိုယနေ့(တနင်္လာနေ့)ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

'မီဒီယာခေတ် မကျန်ရစ်ဖို့' ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား ဖော်ပြနေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ဘုရှ်အစိုးရကို ဒီမိုကရက်ခေါင်းဆောင်များ ဝေဖန်တိုက်ခိုက်ခြင်း၊ ကုလသမဂ္ဂအထူးသံတမန်နှင့် အီရတ် ပြန်လည်ထူထောင်ရေး၊ ဆိုက်ပရပ်နိုင်ငံအကြောင်း သိကောင်းစရာ၊ သမ္မတအဖြစ် ယှဉ်ပြိုင် အရွေးခံဦးမည့် ဟာမစ်ကာဇိုင်း၊ နိုင်ငံတကာအာကာသ စခန်းယာဉ်၊ တောင်ကိုရီးယားနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးကွက်၊ ဂါဇာဒေသ အစ္စရေးအိမ်ရာများ၊ ပါကစ္စတန်၏ရန်စွယ် အစွန်းရောက်သမားများ၊ ဝါရင့်ဝန်ကြီးဖြစ်လာမည့် ဂိုချောက်တောင်၊ ပြင်သစ်စီးပွားရေးအလားအလာ၊ မလက္ကာရေလက်ကြား ပင်လယ်ဓားပြမှု တားဆီးကာကွယ်၊ အာဖရိက ကြေးစားစစ်သားများ၊ အီရတ်နှင့် ဓားစာခံအရေးများ၊ အစ္စရေးသို့ ရောက်လာသည့် ပြင်သစ်ရဟူဒီများ၊ ငွေကိုလက်နက်အဖြစ် သုံးနေသော အမေရိကန်၊ ကျူးဘားညှော်ကြိုလုပ်ငန်း ကက်စထရို ကာကွယ်ပြောကြား၊ တရုတ်နှင့် အိန္ဒိယတို့၏ ငြိမ်းချမ်းရေးခြေလှမ်း၊ ဖိလစ်ပိုင် လူဦးရေမူဝါဒ၊ ဖိလစ်ပိုင် သတ္တုကကျွာ၊ လူနေမှုစရိတ်အကြီးဆုံးမြို့ တိုကျို စသည့် သတင်းများနှင့်သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)



ကုန်အမှတ်တံဆိပ်ဖြင့် စားသောက်ကုန်ပစ္စည်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်း၊ အမှတ်(၆၆)နေ ဒေါ်ကြည်အေး [၁၂/ဗဟန(နိုင်)၀၄၆၂၃၉]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်(၅၃၀/၁၉၉၄)

အထက်၌ ရိုက်နှိပ်ဖော်ပြထားသော ပင်ပျိုရွက်နု ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် လက်ဖက်၊ အချိုခြောက်၊ အကြမ်းခြောက်၊ လက်ဖက်အမျိုးမျိုး၊ အကြော်စုံအမျိုးမျိုးနှင့် မြန်မာ့ရိုးရာစားဖွယ်ရာ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ပင်ပျိုရွက်နု၊ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို တစ်ဦးတည်းမူပိုင်သုံးစွဲနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၅၃၀/၁၉၉၄)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ ပင်ပျိုရွက်နု ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ ကုမ္ပဏီ အဖွဲ့အစည်း တစ်ရပ်ရပ်မှသော် လည်းကောင်း၊ အသင်းအဖွဲ့အစည်း တစ်ရပ်ရပ်မှသော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲနှင့် ပုံတူပြုလုပ်၍ လက်ဖက်၊ အချိုခြောက်၊ အကြမ်းခြောက်၊ လက်ဖက်အမျိုးမျိုး၊ အကြော်စုံအမျိုးမျိုးနှင့် မြန်မာ့ရိုးရာစားဖွယ်ရာ စားသောက်ကုန်အမျိုးမျိုးကို အတုပြုလုပ်၊ ရောင်းချခဲ့ပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

ဒေါ်ကြည်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးငွေသန်း (စစ်ကိုင်း)
LL.B (ဥပဒေဘွဲ့)
Advocate (တရားရုံးချုပ်ရှေ့နေ-၂၇၇၄)
အမှတ်(၃၄)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

တောင်သူလယ်သမားများအား စိုက်စနစ်များတွင်ကျယ်စွာ အသုံးချရန်အသိပညာပေး
လမ်းနှင့် တံတားများကို ဖွင့်လှစ်ရာသီဖြစ်သည့် ၂၀၀၄ ခုနှစ်ကုန်တွင် အပြီးသတ်တည်ဆောက်
ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံနှင့် ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို သည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၂၇ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကရင်ပြည်နယ် ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင်တို့၌ စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လေးတိုင်ရွာ၌ကျင်းပသော ကော့ကရိတ်ခရိုင် မိုးစပါး စိုက်စနစ်မှန်စိုက်ပျိုးခြင်းသရုပ်ပြပွဲတွင် စိုက်စနစ်မှန်စိုက်ပျိုးခြင်း သရုပ်ပြ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၈နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် တော်ပုံကျေးရွာ၌ ကျင်းပသော မိုးစပါး စိုက်စနစ်မှန်ကန်ရေး သရုပ်ပြပွဲနှင့် လယ်ယာ ၁၆ လက်တွန်းထွန်စက် အစီး၅၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

အစီအစဉ်အရ ကရင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးမြေယာဖော်ထုတ်စိုက်ပျိုးမှု အခြေအနေ၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးဆောင်ရွက်ထားမှု အခြေအနေ၊ ကရင်ပြည်နယ်၌ စပါးဧကငါးသိန်းအထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်အရ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် လှပ်မြေနှင့်တောရိုင်းမြေတို့မှ ဧက၁၄၀၀၀၀တိုးချဲ့ဖော်ထုတ်စိုက်ပျိုးမည့် အစီအစဉ်၊ တောင်သူလယ်သမားများအား ပန်းတိုင်အထွက်နှုန်းရရှိရန် နည်းလမ်း (၄)သွယ်ဖြင့် ဆောင်ရွက်နိုင်ရန် အသိပညာပေး ပံ့ပိုးကူညီမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌွေးက လယ်ယာကဏ္ဍ အကောင်အထည်ဖော်ရေး စီမံထားရှိမှု အခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက်ရောင်းချပြီးဖြစ်သည့် လယ်ယာ ၁၆ လက်တွန်းထွန်စက် အစီး၅၀ရောင်းချပေးခြင်း၊ စာချုပ်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းက ဝယ်ယူသူများအား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရောင်းချပြီးဖြစ်သော လယ်ယာ ၁၆လက်တွန်း ထွန်စက်များကို ဝယ်ယူသူများထံ လွှဲပြောင်းပေးအပ်မှုနှင့် လက်တွန်းထွန်စက်များ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ၂၀၀၄-၂၀၀၅ခုနှစ် လှပ်မြေ ၂၁၅ဧက ဖော်ထုတ်ခြင်း၊ မိုးစပါးစိုက်ကွင်း၌ သရုပ်ပြသော စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်း၊ ကြိုးတန်းဆွဲ၍ လက်စုချနည်းဖြင့် စိုက်စနစ်ပြကွက်၊ စပါးတိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်း၊ မျိုးစေ့ချ ကိရိယာဖြင့် စိုက်စနစ်ပြကွက်၊ စပါး ရွက်အရောင်ခွဲခြား၍ ပုလဲဓာတ်မြေဩဇာ လိုအပ်မှုခန့်မှန်းခြင်းပြကွက်၊ မြေဆီလွှာအတွင်းရှိ အာဟာရဓာတ် ပါဝင်မှုစမ်းသပ်ကွက်ပြကွက်၊ခေတ်သစ် ပျိုးထောင်နည်း (SRI) ပြကွက် တို့ကိုလှည့်လည်ကြည့်ရှုပြီး တောင်သူလယ်သမားများ အားစိုက်စနစ်များ ကိုတွင်ကျယ်စွာအသုံး ချနိုင်အောင် အသိပညာပေးစည်းရုံး ဆောင်ရွက်ကြရန် မှာကြားပြီး သရုပ်ပြပွဲ အခမ်းအနားမှ ထွက်ခွာသွားသည်။

ထို့နောက် ကရင်ပြည်နယ် ကော့ကရိတ်မြို့အနီးရှိ ဂျိုင်းမြစ်ကူး ဂျိုင်း(ကော့ကရိတ်)တံတားသို့ နံနက်၉ နာရီခွဲတွင် ရောက်ရှိကြပြီး ဂျိုင်း (ကော့ကရိတ်)တံတားကြီး၌ ပြန်လည် ပြုပြင်မွမ်းမံရမည့်အပိုင်းများအခြေအနေ ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တံတားကြီးအရှည်ခိုင်ခံ့ရေး အတွက် ပြုပြင်ထိန်းသိမ်းရမည့် အပိုင်း များကို စနစ်တကျ အမြန်ပြုပြင်ရန် မှာကြားပြီးကော့ကရိတ်မြို့သို့ဆက်လက် ထွက်ခွာကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ၁၀မိနစ်တွင် ကော့ကရိတ် မြို့နယ် လေးတိုင်ကျေးရွာ၌ ကျင်းပသည့် ကော့ကရိတ်ခရိုင် မိုးစပါး စိုက်စနစ်မှန် စိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုသည်။

သရုပ်ပြပွဲတွင် ရှေးဦးစွာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်ဝင်းမောင်က မိုးစပါး စိုက်ဧက တိုးချဲ့စိုက်ပျိုးမှုအခြေအနေ၊ လျာထားသတ်မှတ်ထားသည့် မိုးစပါး စိုက်ဧက ပြည့်မီအောင်ကြိုးကြပ်ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားမှု အခြေအနေ၊ မိုးရွာသွန်းမှု အခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် စီစဉ် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော့ကရိတ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးတင်ဝင်းက ကော့ကရိတ် ခရိုင်၌ စပါးအပါအဝင် အဓိကသီးနှံ များ စိုက်ပျိုးမှုနှင့် ပန်းတိုင်အထွက်နှုန်း ရရှိအောင် စီမံ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုကတင်ပြချက်များနှင့် စပ်လျဉ်း ၍ လယ်စိုက်ဧကတိုးမြှင့် ရေးထက် စပါးအထွက်နှုန်း တိုးမြှင့်အောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးဆိုင်ရာ ကိန်းဂဏန်းများကို မှန်ကန်စွာပြုစုရန်၊ စပါးအထွက်တိုးနည်းစနစ်ကိုတောင်သူ လယ်သမားများအားထိထိရောက်ရောက် စည်းရုံးလှုံ့ဆော် အသိပညာပေးရန် မှာကြားပြီး မိုးစပါးစိုက်စနစ်မှန် စိုက်ပျိုး ခြင်း သရုပ်ပြမှုအစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့်ကရင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က သရုပ်ပြ ကောက်စိုက်အဖွဲ့ ခုနစ်ဖွဲ့ကို ဂုဏ်ပြု လက်ဆောင် ပေးအပ်ချီးမြှင့်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သရုပ်ပြပွဲအခမ်းအနားမှ ဆက်လက်ထွက်ခွာသွားသည်။ ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို နှင့် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်တို့ သည်မွန်းတည့်၁၂နာရီတွင်ကော့ကရိတ် ရှိ နယ်မြေခံတပ်ရင်း ဗန္ဓုလခန်းမ၌ ကော့ကရိတ် တပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်မြင့်နှင့် အရာရှိစစ်သည် မိသားစုဝင်များအားတွေ့ဆုံမှာကြား သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့မှ ပြန်လည်ထွက်ခွာ ခဲ့ကြရာ ဘားအံခရိုင် ဘားအံမြို့နယ် ကျားကလေးကျေးရွာသို့ရောက်ရှိကြ ပြီး ကျားကလေး-သံလှယ်-ခရား (အတွင်း)-ဇာသပြင်(အနောက်)ပရဟိတ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား ဘားအံခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက ယာယီရှင်းလင်းဆောင်၌ ရှင်းလင်း တင်ပြရာတွင် တည်ဆောက်ရန် လျာထားသည့် တံတား ၃၇စင်း၌ ငါးစင်းတည်ဆောက်ပြီးစီး၍ ၃၂စင်း တည်ဆောက်ရန် ကျန်ရှိနေမှု အခြေ အနေနှင့် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြ ချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည် များကို သက်ဆိုင်ရာ တာဝန်ရှိသူများ နှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လမ်းနှင့် တံတား များကို ဖွင့်လှစ်ရာသီဖြစ်သည့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာကုန်တွင် အပြီး တည်ဆောက်ရန် ညှိနှိုင်းသတ်မှတ် စီမံပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်မော်လမြိုင် မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဂျိုင်းတံတားကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ်ဂျိုင်း (ကော့ကရိတ်) တံတားကြီး၌ ပြန်လည်ပြုပြင်မွမ်းမံရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယုဇနတာဝါမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁

ယုဇနတာဝါ မိသားစုများ၏ တတိယအကြိမ်မြောက် စုပေါင်းဝါဆို သင်္ကန်းကပ်လှူပွဲနှင့် တရားပွဲကို ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့် ယုဇနတာဝါ၌ ဩဂုတ် ၁ ရက်နံနက် ၁၁နာရီတွင် တိုက်ကြီး မြို့နယ် မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျနှင့် သံဃာတော်များ အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားကာ ဒါယကာ၊ ဒါယိကာမများက ဝါဆို သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(က-ပ)

ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၁

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား (၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်၁၀ရက် တရားစခန်းပွဲဖွင့်လျက်ရှိရာ (၁၁၆) ကြိမ်မြောက် စခန်းပွဲတွင် ပုပ္ပား (၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယL.L.B) ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား (၃) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော်ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်အောင် ဟောကြားပြသ မည်ဖြစ်ရာယောဂီများ ဩဂုတ် ၃ရက် ညနေအရောက်လာကြရန်နှင့် ဖုန်း- ၆၉၀၀၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

တိုက်ရိုက် စပါးအစေ့ချနည်းစနစ်ဖြင့် စိုက်ပျိုးစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ဒေးဒရဲ ဇူလိုင် ၂၅

ဖျာပုံခရိုင် လေးမြို့နယ် တိုက်ရိုက်စပါးအစေ့ချ နည်းစနစ်ဖြင့် စိုက်ပျိုးစွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက် နံနက်က ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာအုပ်စု ဧက ၄၀၀ စံပြကွက်ရှိတောင်သူ ဦးဝင်းမြင့်အောင်လယ်မြေ၌ ကျင်းပရာ လေးမြို့နယ်မှ အသင်းများနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

တက်ရောက်

စိုက်ပျိုးစွမ်းရည်ပြိုင်ပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်းအဖွဲ့ဝင်-၂၊ တိုင်းရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီးသန်းထွန်း၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဒေးဒရဲမြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ တောင်သူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ပထမဆုရဘိုကလေးမြို့နယ်၊ ဒုတိယဆုရ ကျိုက်လတ်မြို့နယ်၊ တတိယဆုရ ဖျာပုံမြို့နယ်၊ နှစ်သိမ့်ဆုရ ဒေးဒရဲမြို့နယ်နှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့အား တိုင်းမှူး(**အပေါ်ပုံ**)နှင့် တိုင်း အဖွဲ့ဝင်-၂၊ တိုင်းရဲတပ်ဖွဲ့မှူး၊ ခရိုင်ဥက္ကဋ္ဌ၊ တိုင်းအဆင့် ဌာနဆိုင်ရာတို့က ဆုများပေးအပ်ချီးမြှင့်သည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ကျင်းပ

ပြည် ဇူလိုင် ၂၁

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီက ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ပြည်မြို့ တုံးရေကြိုးဝိုင်းအနီး မိုင်တိုင်အမှတ်(၁၉၁/၃)တွင် ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းခွဲ အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်နိုင်နိုင်မော်နှင့် အင်အား ၂၅၀ ခန့် တက်ရောက်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ တမာ၊ မဟော်ဂနီ၊ သစ်ဆိမ့်ပင်အပါအဝင် အပင်အမျိုးပေါင်း ၁၄၀၀ ကျော် စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနေ့ နံနက် ၈ နာရီတွင် ပြည်မြို့ မူယာပင်ပန်းခြံ၊ ခေတ္တရာ ရတနာမြို့တော်ခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းခွဲ အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်နိုင်နိုင်မော်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာနှင့် အားကစားကဏ္ဍအသီးသီးတွင် ဘက်စုံထူးချွန်သူ အမျိုးသမီး ၄၃ဦးအား နာယကနှင့် တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ ယင်းနောက် အမျိုးသမီး ၁၀ဦးအား ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သံဒါအေးက ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အမျိုးသမီးများနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ဒေါက်တာ ဒေါ်မိမိခင်က လည်းကောင်း၊ အမျိုးသမီးများနှင့် အမျိုးသမီးများရရှိပြီးသော အခွင့်အရေးဆိုင်ရာ ဥပဒေခေါင်းစဉ်ဖြင့် ဒေါ်အေးဝင်းကလည်းကောင်း ဟောပြောကြသည်။ **(က-ပ)**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်မာမာဦးနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ရက်က ကန်ကြီးထောင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြမြဌေးနှင့် အသင်းဝင်များအား ကန်ကြီးထောင့်မြို့နယ် အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးစဉ်။ (၄၀၁)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒု-ဦးစီးမှူး(အခွန်) ဦးရဲလတ်နှင့် ဝန်ထမ်းများ ဇူလိုင်၁၇ ရက်က သဲကုန်းမြို့တွင်းလမ်းဘေး ဝဲ၊ယာ၌ ပန်းအလှပင်နှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်ဌေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဥပုသ်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကလေး ဇူလိုင် ၂၀

ကလေးမြို့ ဥပုသ်ချောင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် ချောင်းအတွင်းမှ အမှိုက်သရိုက်များဆယ်ယူခြင်း၊ ချောင်းကမ်းပါးမှ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်း၍ အဖွဲ့ပိုင်မော်တော်ယာဉ်များဖြင့် သယ်ယူစွန့်ပစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကလေးမြို့ တပ်နယ်မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့တို့နှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ပါဝင်လျက် ဇူလိုင် ၁၁ ရက်က စုပေါင်းဆောင်ရွက်ကြသည်။

သန့်ရှင်းရေး ဆောင်ရွက်ရာသို့ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးညွှန့်တို့က ကြည့်ရှုစစ်ဆေး အားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၂၄ ရက်က တိုက်ကြီးမြို့ လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့တို့ ဆောင်ရွက်နေမှုကို တိုက်ကြီးမြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးမောင်စိုးတို့ ကြည့်ရှုအားပေးစဉ်။ (၅၂၆)

မိုင်းယောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်

မိုင်းယောင်း ဇူလိုင် ၂၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မိုင်းယောင်းမြို့ ဗလမင်းထင်ခန်းမ၌ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်က အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမြမြလွင်က ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း၏ ရည်ရွယ်ချက်နှင့် အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးအတွက် စုစုပေါင်းကျပ် ၁၈၄၂၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့်ခဲတံများကို ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကရုဏာ လူမှုနာရေး ကူညီမှုအသင်း ရုံးခန်းဖွင့်လှစ်

ကျုံပျော် ဇူလိုင် ၂၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျုံပျော်မြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မော်တော်ယာဉ်ပိုင်ရှင် အသင်းနှင့် မြို့မိ၊ မြို့ဖများ ပူးပေါင်းလှူဒါန်းသော နိဗ္ဗာန်ယာဉ်တစ်စီးဖြင့် နာရေးကိစ္စများကို အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါအသင်းတွင် မြို့ပေါ်ရှိ ဆရာတော်သံဃာတော် ကိုးပါးက ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူပြီး နာယက ၂၀ဦး၊ အမှုဆောင် ၃၅ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ဇွန် ၃၀ ရက်က အသင်းရုံးခန်းကို အင်းရဲလမ်း၊ အောင်ဆန်းရပ်ကွက်တွင် ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်၍ ရုံးခန်းကို ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(က-ပ)**

ကြီးကြပ်ဆောင်ရွက်

ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် မြို့တွင်း လူသွားစင်္ကြံများ ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်း လူသွားစင်္ကြံ ဆေးသုတ်ခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဖြူဟ္မစိုရ်လမ်း၊ အမှတ်(၆၅၆)နေ ဦးရန်လင်း–ဒေါ်မြင့်ရွှေတို့၏ သားထွေး

မောင်ဇေယျာလင်းထွန်း: 2nd Year (Eco)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ်(၃၅၈)၊ အခန်း(၂၃)နေ (ဦးစိုးအောင်)–ဒေါ်အေးအေးမော်တို့၏ တစ်ဦးတည်းသောသမီး

မပွင့်ဝါစိုး: Final Year (Eco)

တို့သည် ၂၇–၇–၂၀၀၄နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာလင်းထွန်း–မပွင့်ဝါစိုး။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (ရုံးချုပ်)
အမှတ်–၃၇၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါအမှတ်၊ ၀၀၄/ပီအိုအယ်လ်/၂၀၀၄–၂၀၀၅

၁။ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များတွင် အသုံးပြုရန်အတွက် Engine Oil SAE-50, API (CB/SB)(OR)(CC/SC)(For Diesel Engine)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က)**တင်ဒါပုံစံများရောင်းချမည့်နေရာ**–ပစ္စည်းဝယ်ယူရေးနှင့်သိုလှောင်ရေးဌာန ကုန်းလမ်းပို့ဆောင်ရေး(ရုံးချုပ်)

(ခ)**တင်ဒါပုံစံများ ရောင်းချမည့်ရက်** –၂–၈–၂၀၀၄

(ဂ)**တင်ဒါပိတ်မည့်နေ့ရက်/အချိန်** –၁၆–၈–၂၀၀၄ (၁၆:၀၀)နာရီ

၂။ ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် တင်ဒါကို အကြောင်းတစ်စုံတစ်ရာမပြဘဲ ပယ်ဖျက်ခွင့်ရှိသည်။

၃။ အသေးစိတ်သိလိုသော အချက်အလက်များအား ပစ္စည်းဝယ်ယူရေးနှင့် သိုလှောင်ရေးဌာနတွင်လည်းကောင်း၊ (ဖုန်း–၀၁–၂၅၂၅၇၄) နှင့် (၀၁–၃၇၆၅၄၉)သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်–၅၊နည်းဥပဒေ–၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှု၊ အမှတ်–၈၇၀

ဦးဝင်းကြိုင်	**နှင့်**	**ဦးမျိုးညွှန့်ဆွေပါ–၄**
တရားလို		**တရားပြိုင်**

၁။ ဦးမျိုးညွှန့်ဆွေ(အမှတ်–၄၁/၄၅၊ ပထမထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့)နှင့် ၂။ ဦးမြင့်စိုး(အမှတ်–၃၊ ၃လမ်း၊ ၄၄ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဦးဝင်းကြိုင်က "မြေနှင့်အိမ်လက်ရောက်ရလိုမှု" လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၁၂ရက် [၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်]နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့ သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်သို့ ထည့်ပို့အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ငွေ
တိုင်းတရားသူကြီး
ရန်ကုန်တိုင်းတရားရုံး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးလှထွန်းအောင်) (သားရေအိတ်ချုပ်လုပ်ငန်း)–ဒေါ်တင်တင်ဝင်း တို့၏သား

ဗိုလ်ဆန်းထွန်းဝင်း B.A (D.S.A) M.AGeography Final Part-I နှင့်

ရန်ကုန်မြို့နေ ဦးပု (ပြည်တွင်းရေကြောင်း၊ ငြိမ်း)–ဒေါ်ရီ တို့၏သမီးထွေး

မမြတ်သူဇာနွယ် Final Year (Law) Dip in English

တို့သည် ၂၈–၇–၂၀၀၄ရက်နေ့တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဆန်းထွန်းဝင်း–မမြတ်သူဇာနွယ်။

Ministry of Industry(1)
Myanma Ceramic Industries
192,Kaba Aye Pagoda Road
Yangon, Myanmar
INVITATION TO TENDER NOTICE

Sealed Tenders are invited by Myanma Ceramic Industries for the Cold Repair of the No.1 Furnace at Bottle Glass Factory, Thanlyin Township, Yangon Division. Tender forms and detail informations are available on payment of Kyats 5000/-(five thousand only), at Myanma Ceramic Industries, Planning Department within Office Hour, starting from 30th July, 2004.Closing Date of Tender is 20th September, 2004 (Monday), 15:00 Hour Myanmar Standard Time. Please contact Phone No.562036, 566074 for detail information.

Managing Director
Myanma Ceramic Industry.

GRACE TRAINING AND SERVICE CENTRE

☎ 707956

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

မြတ်မြင့်မိုရ် ကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၄၅၃/၁၉၉၆–၉၇၊ အမှတ်(၁၃၈)၊ ၄၂ရပ်ကွက်၊ စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့သည် အောက်ပါကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

WONDERFUL

Fast Food & Bakery

မှတ်ပုံတင်အမှတ်(၄၀၄၇/၂၀၀၄)

အထက်အဆိုပါ ကုန်အမှတ်တံဆိပ်ကို ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည့် အရန်သင့် အမြန်စားအစားအသောက် (Fast Food) နှင့် မုန့်အမျိုးမျိုး၊ (Bakery) များတွင် ကုမ္ပဏီ၏ မူပိုင်အမှတ်တံဆိပ်အဖြစ် အသုံးပြုသွားမည်ဖြစ်ပြီး ကုမ္ပဏီမှ ထူထောင်ဖွင့်လှစ်သွားသည့် စားသောက်ဆိုင်များတွင်လည်း ကုန်သွယ်မှု အမှတ်တံဆိပ်နှင့် ဆိုင်အမည် (Trade Name)အဖြစ် သုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်ကို မြတ်မြင့်မိုရ်ကုမ္ပဏီ၏ ခွင့်ပြုချက်မရဘဲ တိုက်ရိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တုပသုံးစွဲပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးဝင်းညိန်း	**ဦးသက်မော်**
(B.Sc,.R.L)	**(B.Sc., H.G.P.,R.L., D.B.L)**

မြတ်မြင့်မိုရ်ကုမ္ပဏီလီမိတက်၏ ဥပဒေအကျိုးဆောင်ရှေ့နေများ
အမှတ်(၅၀)၊ ပထမထပ်၊ အခန်း D ၇/၈၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၇၀၁၄၃၉

FAME Diarstat

Ruby Car Rental ☎ 726317, 660823

Saloon, Van, Hilux, Publica

G.Link Computer

Office XP, DTP, Access
Visual Basic, C++, JAVA
Special Effects, ACCPAC, AutoCAD
Hardware Course (A+), Graphic Design Course

Ph : 240622, 243982

MCC

M.Sc – IDCS သည် NCC(UK) ...
BCIS Year-3 – IDCS ... MCC တွင် IADCS ကို ... MCC တွင် System Analyst ...
IADCS Year-2 – ... BCIS နှင့် M.Sc Program ... MCC နှင့် Oversea University ...
IDCS Year-1 ... ICT Professional ... MCC ...

SAYA SAW DOUGLAS

ထိုင်းဘာသာ ထိုင်းစကား

ကျေးဇူးဆပ်ပါမည်

ဒေါ်ကြူဝါ မြန်မာနိုင်ငံကူးလက်မှတ် အမှတ်–၁၃၇၂၃၇ ထုတ်ပေးရက်စွဲ ၈–၇–၁၉၉၆၏ မြန်မာနိုင်ငံကူး လက်မှတ် စာအုပ်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉၅၀၁၇၆၈၀
၀၉၅၀၀၈၃၃၇၊ ၇၂၁၉၇၀။

မြန်မာ့ဂုဏ်ရည်အိမ်ရာ

LIFESTYLE TODAY

ဗျူတီ BEAUTY

EXECUTIVE

ပုလုတ်တုတ်

၂၀၀၄ ခုနှစ် ဩဂုတ်လ ထွက်ပြီ။

စာအုပ်သစ်များ

ပါရှုရဲ့ အသစ်စက်စက်စာအုပ်

ပါရှု
ကမ္ဘာ့အကြောင်း တစေ့တစောင်း

Jawaharlal Nehru
Glimpses of World History

G.G.A ကျောက်မျက်သင်တန်း

- G.G.A ဘွဲ့ ...
- G.G.A ...

KMD Computer Centre

တက်ရောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

- i-Office
- Introduction to Internet
- Desktop Publishing
- Graphics Design
- E-mail & Web Technology
- Auto CAD
- ACCPAC Plus
- Software Engineering
- Software Engineering in Database and e-Commerce
- Multimedia Creation
- Network Engineering
- Practical Network
- Practical A+
- Networking with Linux
- Japan IT Examination
- MCSA Exam Preparation course
- Diploma in IT
- LCCI Certificate in Accounting
- LCCI Computerised Accounting
- LCCI Certificate in Web Site Design

MCC STANDARD Computer Centre

တက္ကသိုလ်ဝင်တန်းအောင်/ဘွဲ့ရ/အလုပ်ခွင်ဝင်ရောက်လိုသူများအတွက်

- ☑ Basic Windows Course
- ☑ D.T.P Course , Graphic Design Course
- ☑ Web Design Course , E-mail & Internet Course
- ☑ Computerized Accounting , Programming , A+ Hardware Courses
- ☑ LCCI (Level I & II)
- ☑ English (4 skills) Course

၆၉၈၊သစ္စာလမ်းမ၊(၆)ရပ်ကွက်၊တောင်ဥက္ကလာ၊ရန်ကုန်။☎ 578673, 09-80-23756

ရဲယိုသီး ဝယ်သည်။

ဖုန်း–၆၆၆၄၇၂။

ကားရောင်းမည်

Nissan 120Y ၅/---၊
Honda Prelude ၀/---။
၀၉ ၅၀၀၅၈၀၂၊ ၂၄၉၀၂၉
(ရုံးချိန်)။

မကြီးစန္ဒာ (အမျိုးသမီးအပ်ချုပ်သင်တန်း)

သမထ ဦးအောင်မြတ် ကိုယ်တွေ့

သမထကျင့်နည်း

ချယ်ရီ အမျိုးသမီး အပ်ချုပ်သင်တန်း



(Sugino College of Dress Making)

MCC KAMARYUT

- Office XP Course
- A+ Course
- DTP Course
- Internet & E-Mail
- ACCPAC Plus
- Visual Basic
- Auto CAD
- Graphic Design Course
- ICT Foundation Course

Non-Stop Power Supply

Air-Conditioned Room ...
P4 ...

Ph: 505548,09-50-18925

K. LAWRENCE (Ph: 543374, 377121)

Choice of words, pace, intonation, Tone, gesture, etiquettes ... presentation ... words, Verb forms vocabs ...

ကျေးဇူးဆပ်ပါမည်

၂၉-၇-၂၀၀၄ မြိတ်မှ ရန်ကုန်သို့ ထွက်ခွာလာသော လေယာဉ်နှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသော စာရွက်စာတမ်းများပါရှိသည့် စက္ကူပုံးတစ်ပုံး၊ ရန်ကုန်လေဆိပ်တွင် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဒေါ်ထွန်းအင်

ဖုန်း–၂၂၂၄၅၃၊ ၀၉–၈၀–၃၀၈၇၅။

ဝန်ထမ်းအလိုရှိသည်

Welcome General Trading Co., Ltd.(*Consumer Products), Myint Myat Agrochemical Ent. Ltd.(*Agriculture), Multi Aquaculture & Livestock Trading Co., Ltd.(*General Practice), International Education Services Co., Ltd.(*Education) ...

	Position	Qualification	No.of Post	
1.	*Accountant	ACCA/CPA/CAT	(2) posts	F
2.	*Marketing Manager	M.Agri.Sc/M.Agr	(1) posts	M
3.	*Technician	B.V.Sc, B.Ag	(4) posts	M/F
4.	*Asst. Accountant	LCCI/B.Com	(2) posts	F
5.	*Asst. Technician	Dip.Ag./ ...	(5) posts	M
6.	*Sales Promoter	Graduate	(5) posts	M/F
7.	*Sales Person	...	(10) posts	M/F
8.	*Duty Officer (17:00pm-21:00pm)	Any Graduate	(2) posts	M
9.	*Receptionist	Any Graduate	(2) posts	
10.	* ...	...	(2) posts	M
11.	* ...	...	(4) posts	M
12.	*Asst. Teacher (Pre-school)	Relevant Certificate holder (or) Experience	(6) posts	M/F

ဆရာအောင်ဆက် (B.Sc)

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။

NPE

စာပေမြတ်နိုးသူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်

(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၉၄၃၀၆

ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန်ဒါယိကာမကြီး

ဒေါ်မြသန်း (၈၆)နှစ်

(ပြည်)

ပြည်မြို့၊ အမှတ်(၁၅၇)၊ ပုဆိုးတန်းလမ်းနေ ပြည်ရွှေဆံတော်ဘုရား၊ တန်ဆောင်းကြီးလေးခု ဒါယကာကြီး ရွှေဦးလူကလေး-ဒေါ်သိန်းချစ်တို့၏ တစ်ဦးတည်းသော သမီး၊ (ဦးယုံစိန်)၏ ဇနီး၊ ဗိုလ်မှူးသန်းတင်(ညွှန်ကြားရေးမှူး၊ လဝက)-ဒေါ်အေးအေးချို(အထက-၁၊ဒဂုံ၊ငြိမ်း)၊ ဦးအောင်မြင့်(2/E Lizstar Co.)-ဒေါ်မြင့်မြင့်အေး(ရေလုပ်ငန်း၊ငြိမ်း)၊ ဦးဇော်ဝင်း-ဒေါ်ဝေဝေစိုး(ကုန်သည်) ဈေးကြီး(ဖ)ရုံ ပြည်မြို့၊ ဦးသိန်းဇော် (Victoria ShippingG CO.)တို့၏ မိခင်၊ မောင်တင့်နိုင်ဦး (ZAW Electronic)၊ မမေဖူးသိုက်တင် (T.T.C)၊ မောင်နေထွန်းဦး၊မငွေးဆုလှိုင်(အထက-၂၊စမ်းချောင်း)၊ မအေးကေခိုင် (Grade 7၊ အထက-၂၊ စမ်းချောင်း)တို့၏အဘွားသည် ၁-၈-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကန်သာဦး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးသန်းမြင့်(၇၇)နှစ်

ရသာချိုစက်မှုလုပ်ငန်းလီမိတက်

(ကျောက်ဖြူ)

ရန်ကုန်တိုင်း၊ အမှတ်(၁၀)၊ ခိုင်ရွှေဝါလမ်း၊ အပိုင်း(၃) ပေါက်ကုန်း၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ငွေဦး၏ ခင်ပွန်း၊ ဒေါ်ခိုင်စံချေ၏အစ်ကို၊ ဦးဘအေး-ဒေါ်ဟန်ကြည်၊ တကကဇော်မင်းလတ်-ဒေါ်ခင်နီဝေ၊ မတင်တင်ထွေး၊ တကက ထွန်းမင်းအောင်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မအေးမိုးဟန်၊ မသီရိအေး၊ မဝေဝေနွယ်၊ မစန္ဒာလင်း(Final Year Eco)၊ မောင်ပြည့်ဖြိုးလင်းတို့၏အဘိုး ဦးသန်းမြင့်သည် ၁-၈-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွဲဟင်(၇၃)နှစ်

(မော်လမြိုင်)

မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဦးတင်မောင်အေး(ခ)ဦးတင်အေး၏မိခင် ဒေါ်ထွဲဟင်သည် ၃၁-၇-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဉာဏ်ဝင်း၊ အထွေထွေအတွင်းရေးမှူး
မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွဲဟင်(၇၃)နှစ်

(မော်လမြိုင်)

မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဦးတင်မောင်အေး(ခ)ဦးတင်အေး၏မိခင် ဒေါ်ထွဲဟင်သည် ၃၁-၇-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း။

ဒေါ်သင်

အသက်(၆၅)နှစ်

(လေးမျက်နှာ၊ ဟင်္သာတ)

(ဦးချစ်အေး-ဒေါ်ထွန်းမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ အခန်း(၅၁)၊ တိုက်(၁၅)နေ ဦးသိန်း၏ ဇနီး၊ ဒေါ်ခင်၊ ဒေါ်ယဉ်တင်၊ (ကိုမြင့်အောင်)တို့၏ အစ်မ၊ ဦးအောင်သူ-ဒေါ်အေးအေးမာ၊ ဦးအောင်စိုးသူ-ဒေါ်တင်တင်နွဲ့(အရိုးအထူးကုဆေးရုံကြီး)၊ ကိုနန်းဝေ၊ ကိုသန့်ဇင်မောင်၊ မတင်တင်ငွေး၊ မမျိုးသူဇာဝေတို့၏ မိခင်၊မြေးလေးယောက်တို့၏ အဘွားသည် ၁-၈-၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

လူစွီတင်း(ခ)ဒေါ်အေးမြင့်

အသက်(၆၈)နှစ်

(ပဲခူး)

ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ (၂၂)လမ်း၊ အမှတ်(၆၉)နေ (ဦးဝကြီး-ဒေါ်သို)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့နေ (ဦးအောင်မြင့်-ဒေါ်စန်းရီ)တို့၏ သမီးချွေးမ၊ ပဲခူးမြို့နေ ဦးဟုဝါ-ဒေါ်ကျင်မြိုင်၊ မန္တလေးမြို့နေ ဦးကျင်ဟုန်-(ဒေါ်ခင်ရီ)တို့၏ ညီမ၊ ပဲခူးမြို့နေ (ဦးသက်လွင်)-ဒေါ်မြသိန်း၊ ရန်ကုန်မြို့နေ ဦးမောင်မောင်လွင်-ဒေါ်စိန်စိန်၊ ပဲခူးမြို့နေ ဒေါ်နှင်းယုလွင်၊ မန္တလေးမြို့နေ ဦးသိန်းလွင်-ဒေါ်မော်မော်ဖြူတို့၏အစ်မ၊ (ဦးတင်မောင်) ၏ ဇနီး၊ ကိုကျော်ကျော်(ခ)ကျော်ဟန်တင်၏ ကျေးဇူးရှင်မိခင်သည် ၃၁-၇-၂၀၀၄ (စနေနေ့)နံနက်၃း၀၇နာရီတွင် ကွယ်လွန်ပါ၍ ၂-၈-၂၀၀၄(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် အထက်ပါ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

၇-၈-၂၀၀၄(သောကြာ နေ့) နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မသီရိခိုင်(ခ)အငယ်လေး

အသက်(၂၁)နှစ်

အထက(၂)ဗဟန်း

ရန်ကုန်မြို့၊အမှတ်(၄၇)၊ အောင်သစ္စာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက် (ဟာမစ်တစ်) ဗဟန်းမြို့နယ်နေ (ဒေါ်သန်းရီ)၊ ဒေါ်အေးတင်တို့၏ မြေး၊ ဦးသိန်းဇံ (ယန္တရားတောင်၊ ဆသရ)-ဒေါ်ခင်ခင်ဝင်းတို့၏သမီးငယ်၊ ဒေါ်မြင့်မြင့်၊ ဦးမြင့်သန်း-ဒေါ်ခင်ညို၊ ဦးတင်မြိုင်(AMS Co.,)-ဒေါ်နွယ်နွယ်ဝေ၊ ဦးရဲထွန်းကျော်-ဒေါ်မြတ်သန္တာ(တသသစားတော်ဆက်)တို့၏ တူမ၊ ကိုမိုးမြင့်ဦး၊ ကိုဝဏ္ဏမိုး (Uniteam)၊ ကိုညီညီဇော်၊ မဝင်းလဲ့ခိုင် (AMS Co.,)၊ မသဉ္ဇာခိုင်(M.P.F)တို့၏ ညီမသည် ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါဗဟန်းနေအိမ်မှ နံနက်၁၁ နာရီနှင့် တသသစားတော်ဆက်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးလှိုင်(ခ)ဘိုနီ

B.A.,B.Ed.

အသက်(၆၀)

မြို့မကျောင်းသားဟောင်း

ကျောင်းအုပ်ဆရာကြီး

အထက-ကျိုက်ထော်

(ပုသိမ်)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာ-၂လမ်း၊ အမှတ်(၇၆)နေ (ဦးဘမောင်-ဒေါ်လှ)တို့သား၊ ဒေါ်ခင်ဝင်းလတ်၏ ခင်ပွန်း၊ ကိုမိုးဝေ-မအေးသိန်း၊ ကိုဆန်းထူး-မသက်သက်နွယ်၊ ကိုဝင်းသူ-မခင်အေးဝင်း၊ ကိုဇော်ဝင်း-မအေးမျိုးစိုး၊ ကိုဝင်းသိန်း-မခင်မိုးဆွေ၊ ကိုစိုးမိုးမင်း-မချိုချိုသန်း၊ ကိုအေးချမ်းမိုး-မစန်းဝင်း၊ ကိုသန်းထွဋ်-မမိုးမိုးမြင့်တို့၏ ဖခင်၊ မြေး ၁၆ယောက်တို့၏ အဘိုးသည် ၃၁-၇-၂၀၀၄(စနေနေ့) တွင် အထက-ကျိုက်ထော်ကျောင်းဝင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၀၄(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ကျိုက်ထော်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယိကာမကြီး

အမေပု(၈၁)နှစ်

ရွှေတိဂုံရေကြည်တော်ဝတ်အသင်း

(ရာ/အသင်းဝင်)

ရန်ကုန်မြို့၊ အမှတ်(၆၈)၊ (၁၂၁) လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ကြည်၊ ဒေါ်မူမူမြင့်၊ ဒေါ်စန္ဒာ၊ မငွေးငွေးအောင်တို့၏ မွေးသမိခင်၊ ဦးဖိုးနု၏ ဇနီးသည် ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့်(၆၆)နှစ်

(ကျောက်မြောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၂၉)နေ (ဦးအုန်းတင်-ဒေါ်အမာ)တို့၏ သား၊ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးတင်ညွန့်(ငြိမ်း)-ဒေါ်ခင်ခင်ဝိုင်းတို့၏ အစ်ကို၊ ဦးလှမြင့်-ဒေါ်ခင်စိုးမြင့်၊ ဦးခင်ကျော် - ဒေါ်သင်းသင်းလွင်၊ ဦးကျော်ရွှေ-ဒေါ်ခင်အေးမြင့်၊ ဦးတင်ငွေး-ဒေါ်မြင့်မြင့်အေး၊ ဦးဝင်းမြင့်-ဒေါ်နွဲ့နွဲ့ရီတို့၏ ဖခင်၊ ဒဂုံမြို့သစ်တောင်ပိုင်း(၇၀)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၅၅၇-က)နေ ဒေါ်ရီရီစန်း၏ ခင်ပွန်း၊ မောင်အောင်ဖြိုးဝင်း၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂-၈-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမေ(၆၃)နှစ်

(သံတွဲ)

(ဦးဘအင်-ဒေါ်အေးဖြူ)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၅၈)၊ မြင်သာ(၁၀) လမ်းထိပ်၊ သံသုမာလမ်းမကြီး၊ ၁၄/ခ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးအုန်းမြင့်၏ ဇနီး၊ ဒေါ်လှကြွယ်၊ (ဦးညွန့်ဖေ-ဒေါ်သောင်းလှ)၊ ဦးထွန်း-ဒေါ်သန်းမြ၊ ဦးမောင်သောင်းဖေ-ဒေါ်သန်းတင်၊ ဦးဘစော-ဒေါ်သန်းခင်၊ ဦးညွန့်တင်-ဒေါ်သန်းမြင့်တို့၏ ညီမ၊ ဦးညွန့်ခင်-ဒေါ်ခင်သန်းရီတို့၏ အစ်မ၊ မစုစု(ကာကွယ်ရေးဝန်ကြီးဌာန၊ငွေစာရင်းရုံး)၊ (မောင်စိုးရ)၊ မချောရီမြင့်တို့၏ မိခင်သည် ၂၇-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂-၈-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်တင် (၆၁)နှစ်

သစ်အုပ် (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ပုဇွန်ဖြေကျေးရွာနေ(ဦးရွှေဖော့-ဒေါ်စိန်ပွင့်)တို့၏သား၊ ဦးညီပုကြီး၊ ဒေါ်စိန်တင်လေးတို့၏ မောင်၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ မေဒေး(၂)၊ လိုင်း(၁၁)၊ အခန်း(၂)နေ ဒေါ်ထွေးထွေး၏ ခင်ပွန်း၊ မောင်ဝင်းဇော်နိုင် (Aye Int'1Co.,Ltd.) မဝင်းရွှေဇင်၊ မောင်အောင်ရဲနောင်(အထက-၆၊အလုံ)တို့၏ ဖခင်၊ ကိုမင်းစိုး-မသိန်းသိန်းနွဲ့တို့၏ ဦးလေး ဦးအောင်တင်သည် ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄ (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သန်း (၅၇)နှစ်

"ထွန်းလင်း"မိတ္တူ၊ ရန်ကုန်

(မန္တလေး)

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ (၃၂) လမ်း၊ အမှတ်(၈၉/၉၁)၊ အခန်း (၃၄) နေ (ဦးမြရွှေ-ဒေါ်ငယ်)တို့၏ သား၊ မုဒုံမြို့နေ(ဦးကင်ရှမ်း)-ဒေါ်ဖန်ငုေးတို့၏ သားသမက်၊ မန္တလေးမြို့နေ (ဦးအေး)-ဒေါ်တင်တင်ဝင်း၊ (ဦးငွေး)တို့၏ ညီ၊ ရန်ကုန်မြို့နေ ဦးညွန့်ဦး-ဒေါ်ခင်သန်းမြင့်(ခ)သန်းသန်း၊ ဒေါ်ခင်အေးမြင့်တို့၏ အစ်ကို၊ ဒေါ်တင်တင်ငွေး၏ ချစ်လှစွာသောခင်ပွန်း၊ မသွယ်ဇင်စိုး၊ မလဲ့ရည်နှင်း၊မောင်ဉာဏ်လင်းထက် (အပတ်စဉ်-၃၂၊ ရေကြောင်းသိပ္ပံ)တို့၏ ကျေးဇူးရှင်ဖခင်သည်၃၁-၇-၂၀၀၄(စနေနေ့)မွန်းလွဲ ၃း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်ဒါယိကာမကြီး

ဒေါ်သန်းချစ်(၈၆)နှစ်

(ကျိုက်ပဒိုင်)

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီးကျေးရွာနေ (ဦးဖုံ-ဒေါ်စောမေ) တို့၏သမီး၊ (ဦးစိန်သော်)၏ဇနီး၊ ပဲခူးမြို့နေ(ဒေါ်အေးကြည်)၊ (ဦးဘငွေး-ဒေါ်သန်းကြည်)၊(ဦးဘငြိမ်း)-ဒေါ်သန်းမြင့်၊ ရန်ကုန်မြို့နေ ဦးကျော်ခင်-ဒေါ်သန်းငွေး၊ပဲခူးမြို့နေ (ဦးသိန်းလွင်-ဒေါ်သိန်းရီ)၊ ဦးရှိန်းမောင်-(ဒေါ်လှကြည်)၊ ရန်ကုန်မြို့နေ ဦးမျိုးမြင့်-ဒေါ်မြညွန့်၊ ဦးမောင်မောင်စော- ဒေါ်ဝင်းဝင်းမော် တို့၏ ညီမ၊ အစ်မ၊ ပဲခူးတိုင်း၊ ပြွန်တန်ဆာမြို့နေ (ဦးမြင့်သန်း)-ဒေါ် ဝင်းကြည်(ဖြူတီစတိုး)၏မိခင်၊ ဗိုလ်မှူးကျော်သက်နိုင်(ကက-လေ)-မကြည်ဖြူဝင်း၊ ကိုမျိုးသန့်-မခိုင်ခိုင်ဝင်း၊မတိုးရတနာလှိုင်တို့၏အဘွား၊ မြစ်သုံးယောက်၏ဘွားဘွား ကြီးသည် ၃၁-၇-၂၀၀၄ရက်တွင် Yangon Medical Centre ၌ကွယ်လွန်ပါ၍ ၂-၈-၂၀၀၄(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်၁၂/က၊ ကန်ရိပ်သာလမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်နေဦးကျော်ခင်-ဒေါ်သန်းငွေးတို့၏ နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်သန်း(၈၄)နှစ်

အငြိမ်းစားကျောင်းဆရာမ၊ အလက(၄)၊ မင်္ဂလာဒုံ

မြင်းခြံမြို့နေ (ဦးရဲလှ-ဒေါ်ရီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၄၅၇)၊ စိတ္တသုခလမ်းနေ [ဗိုလ်ကြီး(အေ)ဝင်းအောင်]၏ဇနီး၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်မျိုးသန့်(စာရင်းစစ်ချုပ်ရုံး)၊ (ဦးတင်အောင်ဝင်း-ဒေါ်ခင်ငွေးမြင့်၊ မန္တလေးမြို့)၊ (ဦးမြင့်လှိုင်ဦး)-ဒေါ်တင်သန်းဝင်း(အထက-၂၊ မင်္ဂလာဒုံ၊ ရွှေကံဆင့် ဗီဒီယိုခွေငှားဆိုင်)၊ ဗိုလ်မှူးတင်ရဲဝင်း-ဒေါ်ခင်ဝင်းချို(မင်းတပ်မြို့)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရွှေကံဆင့် ဗီဒီယိုခွေငှားဆိုင်၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံရှေ့မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေစက်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်တင်ရီ (၈၄)နှစ်

(ရွှေကူ)

မန္တလေးမြို့၊ အမှတ် ၇ (စိမ်းလဲ့မြိုင်ခြံ)၊ ၂၇လမ်း (၆၅-၆၆ လမ်းကြား)နေ (ဦးဝိန်)၏ဇနီး၊ မေ့ဆေးဆရာဝန်ကြီး Dr. ဦးတင့်လွင်(ငြိမ်း)-ဒေါ်မြင့်ကြည်၊ ဦးမြင့်စိန်-ဒေါ်မဉ္ဇူလတ်၊ ဦးမြတ်သူ(ညွှန်ကြားရေးမှူး၊ တိုင်းတာဝန်ခံ၊ စီမံကိန်းရေးဆွဲရေး၊ စီမံ/စီးပွားဝန်ကြီးဌာန၊ မန္တလေးတိုင်း)-ဒေါ်မြင့်ရည်၊ Dr.ဦးမျိုးမြင့် (M.B.,B.S),(Ph.D, U.S.A & U.K)-ဒေါ်မြင့်မြင့်တင်တို့၏ မိခင်၊ ဦးချစ်လွင်-ဒေါ်သက်ထားလွင်၊ Dr. ကျော်ဦးလွင်- Dr. နှင်းဖြူစိန်၊ မောင်ထင်ကျော်မြင့် (M.Sc.(Candidate),N.U.S,Singapore)၊ မလတ်စန္ဒီမြင့် (B.E.,Civil)၊ မောင်စည်သူမြင့် (2 nd Yr.,UCSM)၊ မောင်ဖြိုးမြတ်သူ (B.Sc., Physics)၊ မလင်းမြတ်သူ (B.A(Eco),B.C.Sc.,UCSM),(IADCS,U.K)၊ မောင်ပြည့်စုံမျိုးမြင့်(B.Sc.(Hons) Computer Science, London, U.K)၊ မသဉ္ဇာမျိုးမြင့် (Final Yr., UCSY),(IDCS, U.K)တို့၏အဘွား၊ မောင်ထွန်းဦးလွင်၊ မောင်ကျော်စိုးလွင်တို့၏ ဘွားဘွားကြီးသည် ၃၀-၇-၂၀၀၄(သောကြာနေ့) ည ၉း၁၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ ၁-၈-၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၁၀ နာရီတွင် အထက်ပါနေအိမ်မှ ကွမ်းတုံသင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးနီ(၅၇)နှစ်

(တောင်ကြီးကလျောင်ကီး)

အထက-၁၊ တ/ဥက္ကလာပ

ကျောင်းသားဟောင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပ မြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၁) လမ်း၊ အမှတ်(၃၁)နေ (ဒေါ်ညွန့်ဝေ)၏ ခင်ပွန်း၊ ဦးကြည်လှိုင်-ဒေါ်မြကြည်တို့၏ ညီ၊ ဦးမြင့်စိုး-ဒေါ်စန်းစန်းရီတို့၏ အစ်ကို၊ မောင်သင်းစိန်၊ မောင်မျိုးလွင်ဦး၊ မကေသီဝင်းတို့၏ မွေးသဖခင်သည် ၃၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှထွန်း(၅၄)နှစ်

လှထွန်းမိသားစုစက်မှုလက်မှု

ဒေါ်ပုံမြို့နယ်နေ ဦးချစ်ထွေး-ဒေါ်ဖွားသီတို့၏သား၊ ဦးတင်ရွှေ-ဒေါ်ရီရီညွန့်တို့၏ သားသမက်၊ ဦးထွန်းရီ-ဒေါ်ခင်သန်း၊ ဦးကျော်သောင်း-ဒေါ်ချစ်မြ၊ ဦးအောင်မြင့်(ခ)ဦးလှသိန်း-ဒေါ်လှတင်၊ ဦးမြညိမ်း-(ဒေါ်တင်ငွေ)၊ ဒေါ်စိန်မြင့်တို့၏ညီ/မောင်၊ ဦးလှရှိန်-ဒေါ်သန်းသန်းအောင်၊ ဦးသိန်းဝင်း-ဒေါ်လှကျင်တို့၏ အစ်ကိုသည် ၃၁-၇-၂၀၀၄(စနေနေ့) ည၁၀း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၂-၈-၂၀၀၄ရက်ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးစိုးစိုး (၄၁)နှစ်

(ဝေါမြို့)

(ကြယ်စင်ကားဝပ်ရှော့၊ ရန်ကင်း)

ပဲခူးတိုင်း၊ဝေါမြို့နေ(ဦးစံမြင့်-ဒေါ်ခွေး)တို့၏သား၊အမှတ်(၃၂၉)၊(၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေဦးညွန့်မောင်-ဒေါ်တင်လှတို့၏သားသမက်၊ဒေါ်တင်မိုမိုအောင်၏ခင်ပွန်း၊ မောင်ထက်မြက်စိုး၊ မောင်စိုးထက်အောင်၊ မဖူးပွင့်ဝေ(ရန်ကင်းပညာရေးကောလိပ်)တို့၏ ဖခင်၊ ဦးစံမောင်-ဒေါ်နီ၊ ဦးခင်မြင့်၊ ဦးမြင့်ဝင်း-ဒေါ်ညွန့်ရီ၊ ဦးသန်းမြင့်-ဒေါ်ဝင်း၊ (ဦးဆန်းညွန့်ဦး)-ဒေါ်ပိုပို၊ ဦးမောင်ဦး-ဒေါ်ခင်မာသန်းတို့၏ ညီ/မောင်၊ မောင်ကျော်ကျော်ထွေး-မဆွေဆွေငြိမ်း၊မဝေဝေတို့၏ အစ်ကိုသည် ၂၉-၇-၂၀၀၄ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂-၈-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှမြင့်အသက်(၈၀)

(ညောင်လေးပင်)

ရန်ကုန်မြို့၊ အမှတ်(၃၆၅)၊ မဉ္ဇူလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်နေ (ဦးပန်းငွေး-ဒေါ်စိန်တုတ်)တို့၏ သမီး၊ (ဦးထွန်းကြည်)၏ ဇနီး၊ ဦးမြင့်သိန်း(ကပခွဲ၊ မိတ္ထီလာ)-ဒေါ်ဝင်းဝင်းမာ၊ (ဦးစိုးမြင့်)-ဒေါ်ယဉ်ယဉ်မြ (စက်မှု-၁)၊ ဒေါ်မြမြသန်း၊ ဦးချစ်ကိုကို (မထသဌာနခွဲ-၁) - ဒေါ်သီတာထွန်း၊ ဦးညီညီထွန်းတို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၁-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်စိန် (၅၈)နှစ်

စက်ရုံခွဲမှူး

သန်လျင်အထည်ချုပ်စက်ရုံ၊အမှတ်(၁၉)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ အထည်ချုပ်စက်ရုံ ဝန်ထမ်းဆိမ်ရာနေ (ဦးစိန် ဘော်-ဒေါ်ဖွားကြည်)တို့၏သား၊ သုဝဏ္ဏမြို့နေ ဦးမြင့်ရွှေ-(ဒေါ်မြကြည်)၊ ဒဂုံမြို့သစ် မြောက်ပိုင်းနေ ဦးချစ်သိန်း-(ဒေါ်ငွေကြည်)တို့၏ညီ/မောင်၊ ဒေါ်အုံးကြည်၏ခင်ပွန်း၊ မောင်ပြည့်ဖြိုး၏ဖခင်၊ မခင်ဆွေဦး၊ မအေးအေးဆွေ၊ မောင်ထွန်းထွန်းဆွေ၊ မဆွေဆွေမြင့်၏ဦးလေးသည် ၁-၈-၂၀၀၄(တနင်္ဂနွေနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသောင်းမြင့်(ခ)ကိုမောင်သောင်း

အသက်(၄၅)နှစ်

(ထားဝယ်)

တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာနေ (ဦးဘရှိ)-ဒေါ်ကျင်ပုတို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၃)၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်နေ ဦးကျော်လွင် (ဦးဘန်နီကျော်)တို့၏ တူ/သားသည်၁-၈-၂၀၀၄ရက် နံနက် ၃း၁၅ နာရီတွင် အောင်ဇေအထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂ ၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှကျင် (ခ) ဒေါ်သုစာရီ

အသက်(၈၆)နှစ်

မန္တလေးမြို့နေ ဦးစံရ-ဒေါ်တုတ်တို့၏ သမီး၊ ထောင်မှူး(ဦးထွန်းရှိန်) မြစ်ကြီးနား၏ဇနီး၊ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ဖော့ကန်ရပ်ကွက်၊အမှတ်(၁၀၂၇/B)နေ ဦးဘိုးကြွေ-ဒေါ်မြင့်မြင့်သန်း၊ အောက်ပုဇွန်တောင် ဆက်သွယ်ရေးသင်တန်းကျောင်းဝင်းနေ ဦးမြင့်သောင်း(ဆသရ)-ဒေါ်လှလှရှိန်၊ အင်းစိန်မြို့နေ ဦးလှထွန်း-ဒေါ်ရီရီရှိန်တို့၏ မွေးသမိခင်၊ မြေး၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၁-၇-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂-၈-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ဖွားစံ (၈၆)နှစ်

(တောင်တွင်းကြီး)

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့၊ အောင်ချမ်းသာရပ်ကွက်နေ (ဗိုလ်ကြီးရန်လင်း-ငြိမ်း)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးငွေးမြင့်(ကထိက-ငြိမ်း၊ သ/မ တက္ကသိုလ်၊ သန်လျင်)-(ဒေါ်ခင်လှကြည်)၊ အင်းတော်မြို့နေ ဦးစိုးတင့်(မြို့နယ် သ/မဦးစီးဌာန) - ဒေါ်တင်လှ၊ ဒေါ်ခင်စန်းမြင့် - ဦးတင်မောင်ဝင်း၊ (ဦးစိုးနိုင်)-ဒေါ်ခင်မေ၊ မိုးကောင်းမြို့နေ ဒေါ်ခင်စန်းတင့်(ဦးစီးအရာရှိ၊ မိုးကောင်းမြို့နယ်၊ စီမံကိန်းဦးစီးရုံး)-ဦးတင်ဝင်း(တောအုပ်၊ သစ်တောဦးစီးဌာန၊ မိုးကောင်းမြို့)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွား ဒေါ်ဖွားစံသည် ၂၀-၇-၂၀၀၄(အင်္ဂါနေ့) နံနက် ၃း၅၃ နာရီတွင်မိုးကောင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၄ ရက်တွင် မိုးကောင်းသုသာန်၌ သင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေး၊ရပ်နီး၊ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးမြင့်(၆၃)နှစ်

ကားဘော်ဒီရုံ

ဘီလူးကျွန်း၊ချောင်းဆုံမြို့နယ်

(နီးမုတ်ကျေးရွာ)

မော်လမြိုင်မြို့၊ဘီလူးကျွန်း၊ချောင်းဆုံမြို့နယ်၊ နီးမုတ်ကျေးရွာနေ (ဦးစံဖေ-ဒေါ်သိန်းလှ)တို့၏ သားကြီး၊ (ဦးချစ်မောင်-ဒေါ်ပိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၅၉)၊ (၁၂၆)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်သန်းညွန့်၏ ခင်ပွန်း၊ မောင်ဇော်ဝင်းမြင့်၊ မောင်ကောင်းမြင့်တို့၏ ဖခင်၊ ဦးခင်မောင်-ဒေါ်အေးသီးတို့၏ ညီ၊ ဒေါ်မြသန်း-ဦးကျော်မြင့်၊ ဦးအေးရွှေ- ဒေါ်စိန်တင်၊ ဦးစိုးအောင်တို့၏ အစ်ကိုကြီး၊ ဒေါ်မြတ်မွန်(ဒဂုံစည်ပင်)၊ မောင်မြင့်လှိုင်၊ဒေါ်လှလှမွန် (အရှေ့ပိုင်းတက္ကသိုလ်၊ ရက္ခဗေဒဌာန)၊ ဒေါ်သင်းသင်းမွန်တို့၏ ဦးလေး၊မောင်ကျော်ဝင်း၊မချို၊ မောင်သန်းဝင်း၊ မောင်ခင်ဇော်ထိုက်၊ မောင်ကျော်လှ၊ မသီတာထွေးတို့၏ ဘကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁-၈-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှထွန်း(၅၄)နှစ်

လှထွန်းမိသားစုစက်မှုလက်မှု

ရန်ကုန်တိုင်း၊ အမှတ်(၃၅၉၊ ၃၆၀)၊ ဖောင်ကြီးလမ်း၊ စက်မှုဇုန်(၂)၊ (၆၄) ရပ်ကွက်၊ ဒဂုံတောင်ပိုင်းနေ ဒေါ်ခင်ဆွေမြင့်၏ ခင်ပွန်း၊ မခင်မိုမိုထွန်း(Y.I.E)၊ မောင်ကျော်သီဟထွန်း(G.T.I)၊ မောင်သီဟဘုန်းမြင့်ထွန်းတို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၃၁-၇-၂၀၀၄ရက် ည၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မမျိုးသန္တာလှိုင် (၁၂)နှစ်

အမက၊ ကွမ်းခြံကုန်း၊ သန်လျင်မြို့

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ဒေဝဒဟ၊ လောကနတ်ပရဟိတကျောင်းနေ မမျိုးသန္တာလှိုင်သည် ရန်ကုန်ကလေးဆေးရုံကြီး၌ ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကလေးဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါလောကနတ်ပရဟိတကျောင်းမှကားများ နံနက် ၁၀း၃၀ နာရီ ထွက်ပါမည်။)လောကနတ်ပရဟိတကျောင်း။

ခရစ်တော်၌ အိပ်ပျော်ခြင်း

PU CIN NANG

(Gual Nam)

အသက်(၉၇)နှစ်

ချင်းပြည်နယ်၊တီးတိန်မြို့၊ လ-၆၂၊ လေးလုံးရပ်ကွက်(ပန်းသီးဝိုင်)နေ (Pu Son Dam-Pi Vial Ciang)တို့၏သား၊ (Pi Luai Ciin)၏ခင်ပွန်း၊ Nu Ciang Za Dim-Pa Khan Za Go (Kalemyo), Nu Cing Khaw Man-Pa Cin Za Gin, Nu Ning Za Kim-Pa Tual Za En, (Nu Dam Khaw Cing)-Pa Sian Khaw Pau(BA,BSမှုအုပ်(ငြိမ်း)၊ Nu Ciin Za Cing-Pa Lang Khan Thang (ဦး/ရှိ မွေး/ကု(ငြိမ်း)၊ Pa Dam Khan Lian-Nu Nian Za Dim(ပန်သီးဝိုင်)၊ Pa Gin Khaw Khai (BNSc., မြို့နယ်သူနာပြု(၁)တန်ဆည်)-Nu Zen Ngaih Hau, Pa Song Za Tuang (ဦးစီးအရာရှိ ခရိုင်ထွေ/အုပ် ပြင်ဦးလွင်) -Nu Ciin Khaw Hau, Pa Lang Khan Mung-Nu Khup Hau Niang တို့၏ဖခင်၊ Nang Lam Mang-Go Khan Cing, (Ciin Lun Cing), Nang Za Khup (ME Civil), Ciin Lawh Cing (B.Sc)-Thang Khan Mang [MA(Min)], Thang Cin (BCSc.), Lian Sian Mung (BDS), Nang Khawm Thang (BSc.), Ciin Theih Kim (BA,Dip Nursing), Tuang Sian Khai (LLB) Ciin Deih Cing-Thawng Lun Thang, Nang Thawn Kham (BA.BS, MDiv.) Cing Khan Nuam, Pau Za Suan (B.A,BS), Dim Lian Ciin, Nang Sian Thang 2nd year -Niang Suan Lun (BA,BS) (ရန်ကုန်)၊ Nang Do Dal (BA) Treasurer of Myanmar Union of SDA, Yangon)-Ning Hau Cing(ရန်ကုန်)၊ Nang Sian Pau-Nang Lam Thang တို့၏အဘိုး၊ Dim Sian Hung(ဒသမတန်း)၊ Lian Suan Kim(စတုတ္ထတန်း) တို့၏ဘေး၊ မြေး၅၅ယောက်၊ မြစ်၆၃ယောက်တို့၏ အဘိုးသည် အထက်ပါ နေအိမ်၌ ၃၀-၇-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂-၈-၂၀၀၄ရက် ညနေ ၃နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး တီးတိန်မြို့ လေးလုမ်း ခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယိကာမကြီး

ဒေါ်စိန်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘသောင်း-ဒေါ်သန်း)တို့၏သမီး၊ ပုသိမ်မြို့နေ (ဦးမောင်ခိုင်-ဒေါ်လှတင်) တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊အမှတ်(၁၆၄)၊အခန်း(၁၂)၊ (၈၇)လမ်းနှင့် (၈၈)လမ်းကြား၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးနေ (ဦးဝင်းကြည်)၏ဇနီး၊ (ဦးစိုးမြင့်)-ဒေါ်သန်းသန်းငွေး၊ ဦးမြင့်စိန်၊ ဦးမြင့်စိုး-ဒေါ်နီနီခင်(အထက-၂၊လသာ)၊ ဒေါ်ချိုချိုခင် (အထက-၁၊လသာ)၊ဦးစိုးအောင် (3/E ASP Co.,Ltd.)- ဒေါ်မိုးမိုးသူ (မြန်မာ့လေကြောင်း)၊ ဒေါ်မြတ်မြတ်သူ (ခ) ပိုးပိုး (Mitsubishi Electric, PMECo.,Ltd.)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊မြေးလေးယောက်တို့၏အဘွားသည် ၁-၈-၂၀၀၄ရက်တွင် မိုးမခဆေးခန်း၌ ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှ(၆၉)နှစ်

ဒု/ဥက္ကဋ္ဌ၊ မုံရွာမြို့နယ် သ/မ(ငြိမ်း)

စစ်မှုထမ်း (ငြိမ်း)

(ဦးဘအို-ဒေါ်မျှင်)တို့၏ သား၊ (ဦးသင့်-ဒေါ်အေးညွန့်)တို့၏ သားသမက်၊ မုံရွာမြို့၊ ဒေါနခြံရပ်နေ ဒေါ်ချစ်ချစ်၏ ခင်ပွန်း၊ ရန်ကုန်တိုင်း၊ ဖူးကြီးကျေးရွာနေ (ဦးလှအောင်)-ဒေါ်စောညွန့်တို့၏မောင်၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဦးမင်းဟန် (မျက်မှန်ဌာန၊ ဆေးကိရိယာရောင်းဝယ်ရေး၊ ငြိမ်း)-ဒေါ်လှထွေးတို့၏ညီ၊ မုံရွာမြို့နေ ဦးသိန်းငွေး (ဦးစီးအရာရှိ၊ လဝက၊ ငြိမ်း)-ဒေါ်ဝင်းကြည်သိန်း (သူနာပြုအရာရှိ၊ အဆင့်-၁)၊ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်(စား/ ဖျော်၊ ငြိမ်း)တို့၏အစ်ကို၊ မုံရွာမြို့နေ ဒေါ်ခင်အေးမြင့် (ပထမပုဂ္ဂလိကဘဏ်၊ မုံရွာ)၊ ဒေါ်သန်းသန်းငွေး၊ ရန်ကုန်မြို့နေ ဦးဝင်းကို(ခ)ကိုပေါက်-ဒေါ်ခင်ဆွေဝင်း (WT အုတ်လုပ်ငန်း)၊ ဗိုလ်မှူးဇော်ထွန်း-ဒေါ်ခင်ချစ်ချစ် (ဌာနမှူး၊ ဥပဒေဌာန) မြစ်ကြီးနား၊ ရန်ကုန်မြို့နေ ဦးကျော်ထွန်း (စာရင်းစစ်)၊ ကိုဇမ္ဗူချင်း-မမြင့်မြင့်သန်း၊ မုံရွာမြို့နေ ကိုထွန်းထွန်းလင်း-မလဲ့လဲ့မာတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၃၀-၇-၂၀၀၄(သောကြာနေ့)နံနက်၈း၃၀နာရီတွင် မုံရွာမြို့၊ ဒေါနခြံရပ်ကွက်နေအိမ်၌ ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄ (အင်္ဂါနေ့)ညနေ၄နာရီတွင် ဆားကျင်းသုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးကျင်းပ ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကြေညာစာတမ်းကို အတည်ပြု နောက်တစ်ကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၀၆ခုနှစ်တွင် အိန္ဒိယ၌ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၃၁ ရက် နံနက် ၁၁နာရီတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပထမထပ်ရှိ Buakaew Room ၌ ကျင်းပသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗန်ကောက်မြို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ် ကြိုဆိုစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူး ဒူဗား၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရိကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် ဒေသတွင်း ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ရေလုပ်ငန်း၊ တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြသည်။

စာတမ်းအတည်ပြု

ထို့နောက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုခဲ့ကြသည်။

ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတွင် အောက်ဖော်ပြပါ အရေးကြီးသည့်အချက်များ ပါရှိသည်–

- အဖွဲ့၏အခေါ်အဝေါ်အား ယခုအချိန်မှစတင်ပြီး ဘင်းမ်စတက် (ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်) [BIMSTEC- Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation] ဟု ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြသည်။
- ဘင်းမ်စတက်၏ ယခုတိုင်ရရှိခဲ့သည့် အောင်မြင်မှုများဖြစ်သော ဘင်းမ်စတက် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ၂၀၀၄–၂၀၀၅ခုနှစ် ဘင်းမ်စတက် ခရီးသွားလာရေးနှစ် စတင်နိုင်ခြင်းနှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် တစ်နှစ်ကာလ လုပ်ငန်း အစီအစဉ်ချမှတ်နိုင်ခြင်း၊ ဘင်းမ်စတက် ကုန်သည်ကြီးများအသင်း ထူထောင်ခြင်း၊ ဖူးခက်ကျွန်းတွင် ပထမအကြိမ် ဘင်းမ်စတက်လူငယ်များ ဘောလုံးယှဉ်ပြိုင်ပွဲ ကျင်းပခဲ့ခြင်း၊ ဗန်ကောက်မြို့တွင် ဘင်းမ်စတက်လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဘင်းမ်စတက်ဗဟိုဌာန ဖွဲ့စည်းထူထောင်ခြင်းနှင့် မြန်မာနိုင်ငံတွင် ဇီဝဓာတ်ငွေ့ အသုံးပြုရေးစက်ရုံ တည်ဆောက်နိုင်ခဲ့ခြင်းတို့အတွက် အားရကျေနပ်ကြောင်းနှင့် ရှေ့သို့တစ်ဆင့် အရှိန်အဟုန်တိုးမြှင့်၍ ဆောင်ရွက်သွားရန် ကတိကဝတ်ပြုကြသည်။
- ဘင်းမ်စတက်အဖွဲ့ကြီးမှ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အထူးသတ်မှတ်ပေးထားသော ကဏ္ဍများဖြစ်သည့် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲**